# ကြေးမုံ The Mirror

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ သောကြာနေ့ (29-3-2013) (၇၄၃၉)


အစိုးရအနေနဲ့ အင်အားသုံး ဖြေရှင်းကိုင်တွယ်မှုတွေကို တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရတဲ့ အကြောင်းရင်းကတော့ မိမိတို့နိုင်ငံသားများရဲ့အရှိန်ယူစ ဒီမိုကရေစီကျင့်စဉ်များ စမ်းသပ်ကျင့်သုံးမှုကို အဟန့်အတားဖြစ်ပြီး အချိန်မတိုင်မီ ပျက်စီးသွားနိုင်မယ့်အန္တရာယ်ကို ရှောင်ရှားလိုတဲ့အတွက်ကြောင့် ပဲဖြစ်။

# မေတ္တာကိုအရင်းခံ၊ ကိုယ်ချင်းစာတရားကို လက်ကိုင်ထားပြီး အမြင်ကျယ်ကျယ် သတိကြီးကြီးနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက် ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ ကောလာဟလတွေရဲ့အန္တရာယ်ကို သတိကြီးကြီး၊ ဉာဏ်အမြော်အမြင်ရှိရှိနဲ့ ရင်ဆိုင်တုံ့ပြန်

## မိတ္ထီလာအရေးအခင်းကိစ္စအပါအဝင် လတ်တလောဆူပူမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကြီးမှ ပြည်သူလူထုထံသို့ ရှင်းလင်းပြောကြားခြင်း



**မိဘပြည်သူများခင်ဗျား-**

မိတ္ထီလာအရေးအခင်းကိစ္စအပါအဝင် လတ်တလောဆူပူမှုများ ကူးစက်ပြန့်ပွားရန်ကြိုးပမ်းလာတဲ့ အခြေအနေများနဲ့ စပ်လျဉ်းပြီး ကျွန်တော့်အနေနဲ့ ပြည်သူလူထုတစ်ရပ်လုံးကို လိုအပ်တဲ့ကိစ္စရပ်များအား ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။ သာမန်ပုဂ္ဂလိက အငြင်းပွားမှု၊ သာမန်မှုခင်းတစ်ခုကိုအကြောင်းပြုပြီး မိတ္ထီလာမှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခများ တည်ငြိမ်စပြုလာတဲ့အခြေအနေမှာ ပြည်သူလူထုကြီးရဲ့ ရိုးသားမှုကို အခွင့်ကောင်းယူပြီး ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ဆူပူမှုများကူးစက်ပျံ့နှံ့ရန် လှုံ့ဆော်လုပ်ဆောင်လာမှုများကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်နေရပါတယ်။ ဒါ့ကြောင့် ဒီကိစ္စများနဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့သဘောထားနဲ့ အစိုးရရဲ့ရပ်တည်ချက်ကို ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အင်အားသုံးပြီးပြဿနာတွေကို ဖြေရှင်းတာကို မနှစ်သက်ပါဘူး။ ဒါပေမယ့် ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးတဲ့လုပ်ရပ်မှန်သမျှကိုတော့ လုံးဝလက်သင့်ခံမှာမဟုတ်ဘဲ လိုအပ်လျှင် မြို့ပြအင်အား အသုံးပြုပြီး ထိထိရောက်ရောက် တားဆီးနှိမ်နင်းသွားရမှာဖြစ်ပါတယ်။ ဒီနေရာမှာ တရားဥပဒေစိုးမိုးရေးတွင် အဓိကတာဝန်ရှိနေတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဥပဒေနဲ့အညီ ရဲဝံ့ပြတ်သားစွာ ဆောင်ရွက်ကြဖို့ ပြောကြားလိုပါတယ်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့**




# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဖမ်မ်သန်ဇွန်းသည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ဓါတ်ပုံ)**

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ယနေ့ မာတိကာ


(၂၇)ကြိမ်မြောက် ဆီးဂိမ်း(စ်)ဖွင့်ပွဲနှင့် အနုပညာရှင်တို့၏ သန္နိဋ္ဌာန် စာမျက်နှာ ➤ ၆

ကောလာဟလ မယုံရ စာမျက်နှာ ➤ ၁၀

မီးဖိုချောင်လူသတ်သမား စားသုံးသူပညာပေးဇာတ်ကား ရိုက်ကူးရန်စီစဉ် စာမျက်နှာ ➤ ၁၂





ကြေးမုံ စာတည်းရှေ့ထောင့် ၂၉-၃-၂၀၁၃ [သောကြာနေ့]

# လျှပ်စစ်ချွေတာ ပြည်သူ့ဝန်တာ

ယနေ့နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများ၏ လျှပ်စစ်မီးသုံးစွဲမှုများမှာလည်း ပိုမိုများပြားလာလျက်ရှိသည်။ ယခင်က တစ်အိမ်ထောင်လျှင် တီဗွီတစ်လုံးရှိရန် အလွန်ခဲယဉ်းလှသည်သာမက ကျေးရွာများနှင့် နယ်မြို့များတွင် ရုပ်ရှင်ကြည့်ရန်ပင် မလွယ်ကူလှဘဲ ဗီဒီယိုရုံများသို့သာ သွားရောက်ကြည့်ရှုကြရသည်။ ယခုအခါ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးလာသည်နှင့်အမျှ မြို့၊ ရွာ ကွာခြားမှုမရှိတော့ဘဲ တီဗွီ၊ ရေခဲသေတ္တာ၊ လေအေးပေးစက်နှင့် အခြား ဇိမ်ခံပစ္စည်းများကို အိမ်တိုင်းလိုလို သုံးစွဲလာနိုင်ကြသည်။ ယင်းသို့ သုံးစွဲလာမှုများကြောင့် လျှပ်စစ်မီးသုံးစွဲမှုမှာ လွန်စွာများပြားလာလျက်ရှိသည်။

ယခုနွေရာသီကာလများတွင် အပူချိန်မြင့်တက်မှုများကြောင့် လေအေးပေးစက်နှင့် ရေခဲသေတ္တာများကို ပိုမိုအသုံးပြုလာကြသည်။ ထိုသို့သုံးစွဲလာမှုနှင့်အတူ တစ်ဖက်ကလည်း လျှပ်စစ်အန္တရာယ်ကို ကာကွယ်ကြရပေမည်။ ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ရောက်ရှိလာပြီဖြစ်၍ လျှပ်စစ်ဝါယာကြိုးများ အပူလွန်ကဲခြင်းများနှင့် မီးဖြတ်စက်များ (Safeguard) အပူလွန်ကဲခြင်းများကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပေသည်။ လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်နေစဉ် မေ့လျော့ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားနိုင်သည်။ လျှပ်စစ်ပစ္စည်းများသုံးစွဲရာတွင် "လျှပ်စစ်သုံးလျှင် သတိယှဉ်၊ အစဉ်သတိအမြဲရှိ" ဟူသည့် ဆောင်ပုဒ်အတိုင်း သုံးစွဲခြင်းဖြင့် လျှပ်စစ်နှင့်ပတ်သက်သည့် မီးဘေးအန္တရာယ်မှကင်းဝေးကာ တစ်ဖက်မှလည်း လျှပ်စစ်ဓာတ်အားကို ချွေတာရာရောက်ပေမည်။

နိုင်ငံတော်မှ ပြည်သူများလျှပ်စစ်ဓာတ်အား လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ဘက်ပေါင်းစုံက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၃ ခုနှစ် နွေရာသီကာလများတွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ ၂၀၆၀ မဂ္ဂါဝပ်ခန့်ရှိသည်ဟုသိရသည်။ ယခုလက်ရှိ ၂၀၁၃ ခုနှစ် မေလခန့်အထိ နွေရာသီကာလ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုမှာ ၁၅၅၀ မဂ္ဂါဝပ်ရှိသဖြင့် ၅၀၀ မဂ္ဂါဝပ်ခန့်လိုအပ်လျက်ရှိသည်။ လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်မှ နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နွေရာသီကာလတွင် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ရာတွင် ရန်ကုန်မြို့ရှိ ဓာတ်အားခွဲရုံကြီးလေးရုံနေရာ၌ ဂက်စ်တာဘိုင်များကို အသုံးပြုသဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ ရရှိမည်ဖြစ်သည်။ ထို့ပြင် သောက်ရေခပ်ရေအားလျှပ်စစ်စီမံကိန်းမှလည်း မဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ကျန်လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားမှာ မဂ္ဂါဝပ် ၂၀၀ ရှိမည်ဖြစ်သည်။

နိုင်ငံတော်မှ ပြည်သူများလျှပ်စစ်လုံလောက်စွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူများဘက်ကလည်း လျှပ်စစ်မီးများကို လိုအပ်သလောက်သာသုံးပြီး လျှပ်စစ်ဓာတ်အားကို ချွေတာခြင်းဖြင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီကြရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးလာသည်နှင့်အမျှ တစ်ဖက်တစ်လမ်းမှ လျှပ်စစ်ရရှိရေး ဆိုလာပြားများနှင့် ရေဒလက်များကို အသုံးပြုလာကြသည်။ မြို့၊ ရွာများတွင် ဆိုလာပြားများကို တစ်ပိုင်တစ်နိုင် အသုံးပြုလာကြသဖြင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲလာနိုင်မည်ဖြစ်သည်။

လျှပ်စစ်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများသာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများပါ ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်သည်။ ယနေ့မိမိတို့ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံဖြစ်စေရေးအတွက် အဘက်ဘက်မှ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူများကလည်း လျှပ်စစ်ဓာတ်အားကို ခြိုးခြံချွေတာစွာ သုံးစွဲပြီး တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းပါဝင်ကြပါရန် ဆန္ဒပြုအပ်ပါသည်။ ။

## ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**ရန်ကုန် မတ် ၂၈**

သြစတြေးလျနိုင်ငံ Rotary Club of Essendon မှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၂၅ ရက် ညနေ ၃ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သြစတြေးလျနိုင်ငံ Rotary Club of Essendon မှ Mr. Simon Cookson က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆေးရုံသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေကလက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က Rotary Club of Essendon အဖွဲ့သည် ယခင်ကလည်း မြန်မာနိုင်ငံရှိ ဆေးရုံများသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်းခဲ့သည်မှာ (၁၄)ကြိမ်ရှိပြီဟုသိရကြောင်း၊ ယခုလှူဒါန်းသည့်ဆေးရုံသုံးပစ္စည်းများမှာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအတွက် အရေးပါသော ပစ္စည်းများဖြစ်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်း၊ ကုသရေးလုပ်ငန်းများတွင် ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် လှူဒါန်းမှုအတွက်လည်း Rotary Club of Essendon ကို ကျေးဇူးတင်ပါကြောင်း၊ လှူဒါန်းသော ဆေးရုံသုံးပစ္စည်းများကို မြို့နယ်/တိုက်နယ် ဆေးရုံများမှ တာဝန်ရှိသူများက စနစ်တကျအသုံးပြု ထိန်းသိမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ယနေ့လှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ကျန်းမာရေးဌာန ၄၅ ခုသို့ အီးစီဂျီနှလုံး စစ်ဆေးစမ်းသပ်စက်၊ အောက်ဆီဂျင် ထုတ်ပေးနိုင်သော Air Sep၊ အသက်ရှူအားကူပေးမည့် လက်ညှစ်အသက်ရှူကိရိယာ၊ သွေးချိုစမ်းသပ်စက် Glucometer၊ သန္ဓေသားစမ်းသပ်စက် Foetal Droppler၊ ချွဲစုပ်စက် Sucction Machine၊ Air Sepပါဝင်သော ဆေးရုံသုံးပစ္စည်း ၄၅ စုံကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၈**

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းအပ်နှံစနစ်ဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ လောင်ငေါက်-လော့ကွန်ကျောက်လမ်းခင်းခြင်းနှင့် နောင်ပွန်-ကားလှန်-ကျူယမ်း မြေသားလမ်းဖောက်လုပ်ခြင်း၊ လေရှီး၊ လဟယ်၊ နန်းယွန်မြို့နယ်များ၌ ကျေးလက်ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေသားလမ်း၊ တံတား၊ စိမ့်စမ်းရေသွယ်လုပ်ငန်း ၃၀ တို့နှင့် ကျေးလက်အိမ်ရာအလုံး ၂၀၊ နေအိမ်အလုံး ၆၀၀ တို့၌ နေရောင်ခြည်စွမ်းအင်သုံး မီးလင်းရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီ ပြီးစီးရေးနှင့် နာဂဒေသနေတိုင်းရင်းသားပြည်သူများ၏ ရေရှည်အကျိုးအတွက် စီမံဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ပြည်သူများ ငွေလွှဲပို့ငွေ လျင်မြန်စွာဆောင်ရွက်နိုင်တော့မည်

**နေပြည်တော် မတ် ၂၈**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် ပြည်သူကိုဗဟိုပြုသော ဝန်ဆောင်မှုလုပ်ငန်းစနစ်နှင့်အညီ ငွေသွင်း၊ ငွေထုတ်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် ဧပြီ ၂ ရက်မှစ၍ လုပ်ငန်းအဆင့်များ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းဖော်ပြခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ပြည်သူအများ ဖက်စ်ဖြင့် ငွေလွှဲပို့ရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် ဧပြီ ၂ ရက်မှစ၍ ဘဏ်ငွေလွှဲလုပ်ငန်းပါ အဆင့်အချို့ကို ဖြေလျှော့ပြင်ဆင်၍ ဆောင်ရွက်ပေးတော့မည်ဖြစ်သည်။

ယခင်က လွှဲငွေထုတ်ယူရာတွင် မှတ်တမ်းအဆင့်ဆင့်ရေးသွင်းခြင်း၊ စစ်ဆေးခြင်း၊ အရာရှိက အတည်ပြုလက်မှတ်ရေးထိုးခြင်းအဆင့်များ ဦးစွာဆောင်ရွက်ပြီးစီးမှ ငွေထုတ်ယူရသော်လည်း ယခုဖြေလျှော့မှုအစီအစဉ်အရ လွှဲငွေကို ဦးစွာထုတ်ပေးပြီးမှ ဘဏ်လုပ်ငန်းအဆင့်ဆင့်ကို ဘဏ်ပိတ်ချိန်တွင် ဆောင်ရွက်မည်ဖြစ်ရာ ပြည်သူအများလွှဲပို့ငွေကို လွယ်ကူမြန်ဆန်စွာ ထုတ်ယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## မြေပုံမြို့နယ်၌ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်

**နေပြည်တော် မတ် ၂၈**

မတ် ၂၅ ရက် နံနက်ပိုင်းတွင် မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်တို့သည် ငမန်းရဲကျွန်းနှင့် ဝက်ကောက်ကြီးကျေးရွာမှ ပုစွန်လုပ်ငန်းရှင်များ၊ ငါးမွေးမြူသူများ၊ တောင်သူများနှင့်တွေ့ဆုံပြီး သား၊ ငါးကဏ္ဍထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မြန်ပြည်တစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်**






ပြည်တွင်းရေးရာ

# မတူညီတဲ့အင်အားတွေကို စုစည်းပြီး အချင်းချင်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းနဲ့ ဒီမိုကရေစီအလေ့အကျင့်ကို ကျင့်သုံးခြင်းကသာ ပေါ်ပေါက်လာတဲ့ အကျပ်အတည်းတွေကို ဖြေရှင်းနိုင်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းဖြစ်စဉ်ကို ပံ့ပိုးနိုင်လိမ့်မယ်လို့ ယုံကြည်

❍ **ရှေ့ဖုံးမှ**

ဒီမိုကရေစီရဲ့ ရေသောက်မြစ်လို့ဆိုရမယ့် တစ်ဦးတစ်ယောက်ချင်းစီရဲ့ လွတ်လပ်ခွင့်ဆိုတာ သူတစ်ပါးကို ထိခိုက်မှုမရှိဘဲ လွတ်လပ်ခြင်းရဲ့အရသာကို အားလုံးခံစားနိုင်ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း မိမိယုံကြည်ရာ လွတ်လပ်စွာကိုးကွယ်ခွင့်အား နိုင်ငံသားအခွင့်အရေးအနေနဲ့ အာမခံချက် အပြည့်အဝပေးထားပြီးဖြစ်ပါတယ်။ ဒီနေရာမှာမွန်မြတ်တဲ့ ကိုးကွယ်ယုံကြည်မှုကို ခုတုံးလုပ်ပြီး အလွဲသုံးတဲ့ အယူသီး အစွန်းရောက်လုပ်ရပ်တွေ၊ မတူညီတဲ့ဘာသာတရားတွေအကြား အမုန်းတရားတိုးပွားအောင်လုပ်ဆောင်မှုတွေ၊ ကိုယ်ကျိုးစီးပွားနဲ့ ယှဉ်တဲ့နိုင်ငံရေး၊ စီးပွားရေးအမြတ်ထုတ် လုပ်ဆောင်မှုတွေကို ပပျောက်သွားအောင် ကျွန်တော်တို့အစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနဲ့အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုပဋိပက္ခတွေ၊ အခက်အခဲတွေ၊ အကျပ်အတည်းတွေဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာ မဖြစ်မနေ ကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေ၊ ပြဿနာတွေထဲကတစ်ခုလို့ ရှုမြင်ရမှာဖြစ်ပြီး အားလုံးအတူ ပူးပေါင်းကျော်လွှားဖြေရှင်းသွားရမှာ ဖြစ်ပါတယ်။ ဒီလိုဖြေရှင်းတဲ့အခါမှာလည်း နိုင်ငံတည်ဆောက်ရေးမှာ နှစ်ပေါင်း ခြောက်ဆယ်လုံးလုံး ကျွန်တော်တို့နိုင်ငံကို နောက်ကျကျန်ရစ်စေခဲ့တဲ့ မတူတဲ့အင်အားစုတွေအကြား ထိပ်တိုက်ရင်ဆိုင်ပြီး အချင်းချင်း ဖယ်ထုတ်ဖို့ ကြိုးစားခဲ့တဲ့ အနိုင်-အရှုံးသတ်မှတ်တဲ့ အလေ့အကျင့်ကို အတိတ်မှာချန်ထားခဲ့ပြီး မတူညီတဲ့အင်အားတွေကို စုစည်းပြီး အချင်းချင်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းနဲ့ အားလုံးအတွက် အကောင်းဆုံးအဖြေကိုရှာတဲ့ ဒီမိုကရေစီအလေ့အကျင့်ကို ကျင့်သုံးခြင်းကသာ ပေါ်ပေါက်လာတဲ့ အကျပ်အတည်းတွေကို ဖြေရှင်းနိုင်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း ဖြစ်စဉ်ကို ပံ့ပိုးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ယခု မိတ္ထီလာမှာဖြစ်ပျက်ခဲ့တဲ့ဖြစ်စဉ်ကို ဖြေရှင်းတဲ့နေရာမှာ ယခင်ကနဲ့မတူဘဲ အသိုက်အဝန်းတွေကြားမှာ နားလည်မှုတွေနဲ့ ယုံကြည်မှုတွေ ပြန်လည်တည်ဆောက်နိုင်ဖို့အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှု၊ ဘာသာပေါင်းစုံ ခေါင်းဆောင်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းကူညီမှု၊ မီဒီယာများရဲ့ ပိုမိုတာဝန်သိသိ၊ တာဝန်ရှိရှိ သတင်းဖော်ပြမှု၊ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဘုန်းတော်ကြီးများအပါအဝင် လုံခြုံရေးအဖွဲ့အစည်းများနဲ့ တပ်မတော်တို့ရဲ့ မှန်ကန်တဲ့ အခန်းကဏ္ဍက ပါဝင်မှုတွေကို တွေ့ရှိရပါတယ်။ တချို့ဒေသတွေမှာ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်လိုကြတဲ့ ပြည်သူလူထုတွေ အထိတ်တလန့်ဖြစ်အောင်၊ အကြမ်းဖက်မှုတွေဖြစ်အောင်၊ ကောလာဟလတွေနဲ့ သွေးထိုးလှုံ့ဆော်နေမှုတွေရှိနေပေမယ့် ဒါတွေကတစ်ဆင့် အကြမ်းဖက်မှုတွေအဖြစ် ရောက်ရှိမသွားရအောင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်တွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ ရပ်မိရပ်ဖတွေနဲ့ ဘာသာရေးခေါင်းဆောင်တွေ၊ ပူးပေါင်းကော်မတီတွေ၊ ဘာသာရေးအဓိကရုဏ်းကာကွယ်တားဆီးရေးအဖွဲ့တွေ ဖွဲ့စည်းပြီး ကာကွယ်ပေးနေကြတာတွေကိုလည်း အပြုသဘောဆောင်တဲ့ ဖြစ်ရပ်တွေအဖြစ် တွေ့မြင်နေရပါတယ်။

ဒါ့အပြင် သွေးထိုးလှုံ့ဆော်မှုတွေကြောင့် အခြားမြို့ကြီးများကို ပဋိပက္ခများကူးစက်မယ့် အန္တရာယ်ကိုလည်း အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ ရပ်မိရပ်ဖတွေနဲ့ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းတွေ၊ လုံခြုံရေးအဖွဲ့အစည်းတွေအားလုံး ဝိုင်းဝန်းကာကွယ်လုပ်ဆောင်နေကြတာကိုလည်း တွေ့ရတဲ့အတွက် ကျေးဇူးတင် ဝမ်းမြောက်မိပါတယ်။ မတူညီတဲ့ တိုင်းရင်းသားတွေ၊ လူမျိုးစုတွေနဲ့ မတူညီတဲ့ ကိုးကွယ်ယုံကြည်မှုတွေအကြား အချင်းချင်းအပြန်အလှန်လေးစားမှု၊ နားလည်မှုရှိတဲ့၊ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းမှာနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာပေါ်မှာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ဖို့အတွက် ကြိုးပမ်းနေကြတယ်ဆိုတာကိုလည်း သက်သေထူရာရောက်ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ အင်အားသုံးဖြေရှင်းကိုင်တွယ်မှုတွေကို တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရတဲ့ အကြောင်းရင်းကတော့ မိမိတို့နိုင်ငံသားများရဲ့ အရိုန်ယူစ ဒီမိုကရေစီကျင့်စဉ်များ စမ်းသပ်ကျင့်သုံးမှုကို အဟန့်အတားဖြစ်ပြီး အချိန်မတိုင်မီ ပျက်စီးသွားနိုင်မယ့် အန္တရာယ်ကို ရှောင်ရှားလိုတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ယခုကာလတိုအတွင်း မြေစမ်းခရမ်းပျိုးနေတဲ့ ပြုပြင်ပြောင်းလဲရေးများနဲ့ ဒီမိုကရေစီရှင်သန်ရေးများကို မဆုံးရှုံးစေလိုတဲ့အတွက်ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ပြည်သူ၊ ကျွန်တော်တို့နိုင်ငံသားတစ်ဦးချင်းစီရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးလာရင်တော့ ကျွန်တော့်ကို အခြေခံဥပဒေက အပ်နှင်းထားတဲ့ နိုင်ငံတော်သမ္မတရဲ့ လုပ်ပိုင်ခွင့်တွေ၊ လုံခြုံရေး အဖွဲ့အစည်းတွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေရဲ့ အင်အားကို အသုံးပြုပြီး အကာအကွယ်ပေးသွားဖို့ ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ ပြည်သူလူထု တစ်ရပ်လုံးကလည်း မေတ္တာကိုအရင်းခံ၊ ကိုယ်ချင်းစာတရားကို လက်ကိုင်ထားပြီး အမြင်ကျယ်ကျယ်၊ သတိကြီးကြီးနဲ့ ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ကြဖို့ ကျွန်တော် အလေးအနက်တိုက်တွန်း မေတ္တာရပ်ခံအပ်ပါတယ်။

မြန်မာနိုင်ငံလို တိုင်းရင်းသားပေါင်းစုံနဲ့ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနဲ့ ယဉ်ကျေးမှုပေါင်းစုံ စုစည်းတည်ဆောက်ထားတဲ့ နိုင်ငံတစ်ရပ်အနေနဲ့ နိုင်ငံသားအားလုံးပါဝင်တဲ့ ဒီမိုကရေစီစနစ်ကသာလျှင် တည်ငြိမ်အေးချမ်းမှုကို အာမခံနိုင်တဲ့ ဒီမိုကရေစီစနစ်ဖြစ်လာမယ်ဆိုတာကို အားလုံးက အလေးအနက် ခံယူထားကြရမှာဖြစ်ပါတယ်။ မတူကွဲပြားမှုတွေရှိနေပေမယ့်လည်း အဆင်ပြေပြေ ယှဉ်တွဲနေထိုင်နိုင်ဖို့အတွက် ဒီမိုကရေစီ နည်းလမ်းကျကျ၊ ငြိမ်းငြိမ်းချမ်းချမ်း ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေရဲ့ မတူကွဲပြားမှုတွေကို ဂုဏ်ယူကြရမှာဖြစ်သလို တစ်ပြိုင်နက်တည်းမှာပဲ ကွဲပြားတဲ့ အင်အားတွေကို စုစည်းပြီး ပေါင်းစည်းအားအဖြစ် အသုံးပြုနိုင်မယ်ဆိုရင် ကျွန်တော်တို့လက်တွေ့ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ အနာဂတ်မှာ ကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေကို ကျော်လွှားသွားနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ရာနှုန်းပြည့် ယုံကြည်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်သူလူထုအားလုံးကို ပြောကြားလိုတာကတော့ အခုချိန်မှာ ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းကို ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းဖြစ်အောင် ကြိုးစားနေတာဖြစ်တဲ့အတွက် အစိုးရကလည်း ဖြစ်စဉ်ဖြစ်ရပ်တွေကို အချိန်နဲ့တစ်ပြေးညီ ပွင့်လင်းမြင်သာမှုရှိရှိ သတင်းပေးပြန်ကြားသွားမှာဖြစ်သလို ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့လည်း ကောလာဟလတွေရဲ့အန္တရာယ်ကို သတိကြီးကြီး၊ ဉာဏ်အမြော်အမြင်ရှိရှိနဲ့ ရင်ဆိုင်တုံ့ပြန်သွားကြရင်း ကျွန်တော်တို့အားလုံး ဒီစိန်ခေါ်မှုတွေကို သမိုင်းအစဉ်အလာအရ သဟဇာတရှိရှိ နေထိုင်နိုင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ ဂုဏ်သိက္ခာနဲ့အညီ အတူလက်တွဲ ကျော်လွှားသွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

✳ **ကျောဖုံးမှ**

ရေမြောင်ကြီး၊ ရေမြောင်လေး၊ လေးဖထော်၊ ဒီးဒုတ်မြောင်၊ ရှမ်းအိပ်၊ ကျီးပါးစပ်၊ မုဆိုးတောင်၊ ဝိဇ္ဇာတောင်၊ ကိုးနဝင်း၊ မြစိမ်းတောင် စသည့် ရေထွက်စမ်းများလည်း တည်ရှိသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် ကျိုက်ထီးရိုးဘုရား ပတ်ဝန်းကျင်တစ်ဝိုက်ရှိ သဘာဝတောတောင်၊ သစ်ပင်ပန်းမန်၊ ရေ၊ မြေ၊ သားငှက်တိရစ္ဆာန် စသည့် သက်ရှိသက်မဲ့ဖွဲ့စည်းမှုများအားလုံးကို ပျက်စီးယိုယွင်းမှုမရှိအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှုအဖြစ် သစ်ပင်များ၊ နို့တိုက်သတ္တဝါများ၊ ကုန်းနေရေနေသတ္တဝါများ၊ တွားသွားသတ္တဝါများ၊ ငှက်များ၊ လိပ်ပြာများ၊ အင်းဆက်များ စသည်တို့ကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်းနှင့်အတူ ဒေသခံမျိုးစိတ်များ ထိန်းသိမ်းခြင်း၊ မျိုးရိုးဗီဇများထိန်းသိမ်းခြင်းနှင့် ၎င်းတို့ အချင်းချင်း ဆက်နွယ်ပေါင်းယှက်သော ဂေဟစနစ်များ ထိန်းသိမ်းခြင်းတို့ကိုလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းများရောင်းချမှုတားဆီးပိတ်ပင်ရေးနှင့်ပတ်သက်၍ ကျိုက်ထီးရိုးဘုရားသာသနာ့နယ်မြေတွင် တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ အစိတ်အပိုင်းများ၊ အသားဟင်းများ ရောင်းချမှုတို့ကို တင်းကျပ်စွာတားဆီးပိတ်ပင်ထားရှိပါသည်။ ကျိုက်ထီးရိုးဘေးမဲ့တော ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ကျေးရွာသူ ကျေးရွာသားများနှင့် ဘုရားဖူးဧည့်သည်များအား သဘာဝဝန်းကျင်သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးနှင့် ပတ်သက်သော ပညာပေးဟောပြောပွဲများကိုလည်း အခါအားလျော်စွာ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဘူမိရုပ်သွင်အရထူးခြားအံ့ဩဖွယ်ဖြစ်သော သဘာဝ ကျောက်တုံးကြီးပေါ်တွင် တည်ဆောက်ထားသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကို ဖူးမြော်နိုင်ခြင်း၊ ကင်မွန်းစခန်းမှ ကျိုက်ထီးရိုးဘုရားအထိတောတွင်းလမ်းအတိုင်း လမ်းလျှောက်သွားနိုင်ပြီး ထူးခြားလှပသော သစ်ခွမျိုးများကို သဘာဝအတိုင်းတွေ့မြင်လေ့လာနိုင်ခြင်း၊ ငှက်များကို ကြည့်ရှုလေ့လာနိုင်ခြင်း၊ ရှုခင်းသာများမှ မြေပြန့်ဒေသရှိ ရှုခင်းများကို ကြည့်ရှုနိုင်ခြင်း၊ အပန်းဖြေစခန်းများတွင် အေးချမ်းစွာ အပန်းဖြေအနားယူနိုင်ခြင်း၊ ကင်မွန်းစခန်းမှ ရသေ့တောင်အထိ ခုနစ်မိုင်ခရီး ကားလမ်းအတိုင်း လမ်းလျှောက်ပြီး လမ်းတစ်လျှောက် ရေတံခွန်များကို ကြည့်ရှုလေ့လာနိုင်ခြင်း၊ ရသေ့တောင်ပေါ်တွင် အပန်းဖြေအနားယူနိုင်ခြင်း၊ ရှုခင်းသာများက သဘာဝရှုခင်းများကို လေ့လာနိုင်ခြင်း၊ ထူးဆန်းသောသစ်ခွမျိုးများနှင့် ပရဆေးပင်တို့ကို သုတေသနပြုနိုင်ခြင်း၊ ရှားပါးတိရစ္ဆာန်မျိုးများဖြစ်သော တောဆိတ်၊ မျောက်မျက်ကွင်းဖြူတို့၏ နေရင်းဒေသအလေ့အထနှင့် ပျံ့နှံ့တည်ရှိမှုတို့ကို သုတေသနပြုလုပ်နိုင်ခြင်းများအပြင် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်မှု၊ ဘာသာတရားကိုးကွယ်မှုအစရှိသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကိုပါ လေ့လာနိုင်သော ဘေးမဲ့တောအဖြစ်ဖော်ပြလိုက်ရပါသည်။ ။



# ဂျပန်နိုင်ငံက မြန်မာနိုင်ငံအား တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေသစ် ဂျပန်ယန်းငွေ ၅၁ ဒသမ ၀၅၂ ဘီလီယံ ထပ်မံပေးရန်ကတိပြု

ရန်ကုန် မတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာနျူမာတာက လုပ်ငန်းစီမံကိန်းသုံးခုအတွက် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ ဂျပန်ယန်းငွေ ၅၁ ဒသမ ၀၅၂ ဘီလီယံ(အမေရိကန်ဒေါ်လာ ၅၃၇ သန်းခန့်)အား မြန်မာနိုင်ငံသို့ ထောက်ပံ့ကူညီရန် ဂျပန်အစိုးရက ဆုံးဖြတ်ထားကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ကို ယနေ့ ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါလုပ်ငန်းစီမံကိန်းသုံးခုမှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရန် ဒေသဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဂျပန်ယန်းငွေ ၁၇ ဒသမ သုည ဘီလီယံဖြစ်ပြီး ယင်းစီမံကိန်းတွင် ဒေသဆိုင်ရာအခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ လျှပ်စစ်မီးနှင့် ရေရရှိရေးစီမံကိန်းများ ဆောင်ရွက်ရန်နှင့် ပြန်လည်ပြုပြင်ရန် ပါဝင်သည်။

ဒုတိယစီမံကိန်းမှာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်ရေးနှင့် အဆင့်မြှင့်တင်ရေးစီမံကိန်းဖြစ်ပြီး ယင်းစီမံကိန်းအတွက် ဂျပန်ယန်းငွေ ၁၄ ဒသမ ၀၅၂ ဘီလီယံ ဖြစ်သည်။ အဆိုပါ စီမံကိန်းတွင် ရန်ကုန်မြို့ပြဧရိယာအတွင်း လျှပ်စစ်ဓာတ်အားပိုမိုရရှိရေးစီမံကိန်းများ ပါဝင်သည်။

တတိယစီမံကိန်းမှာ သီလဝါဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်မှုဆောက်လုပ်ရေးစီမံကိန်းဖြစ်ပြီး ယင်းစီမံကိန်းအတွက် ဂျပန်ယန်းငွေ ၂၀ ဒသမ သုည ဘီလီယံဖြစ်သည်။ အဆိုပါစီမံကိန်းတွင် ဆိပ်ကမ်းအဆင့်မြှင့်တင်ရေး၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ပါဝင်သည်။

အဆိုပါ တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေများအတွက် အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် နှစ်စဉ်အတိုးနှုန်းမှာ သုည ဒသမ ၀၁ ရာခိုင်နှုန်းသာဖြစ်ပြီး ပြန်လည်ပေးချေရမည့်ကာလကို နှစ် ၄၀ သတ်မှတ်ထားသည်။

ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် တရားဝင်ဖွံ့ဖြိုးမှုအကူအညီများ ထပ်မံပေးသွားမည်ဟု သိရသည်။ **(ကြေးမုံ)**




တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့မှ ကုန်သွယ်ရေးကိုယ်စားလှယ်များအား တွေ့ရစဉ်။

# လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ရရှိရေး တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားဆွေးနွေး

ဆိုးလ် မတ် ၂၈

**တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို ရရှိနိုင်ရန် တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်၌ မတ် ၂၆ ရက်မှစတင်ကာ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။**

တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံတို့၏ စုစုပေါင်း ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)မှာ ကမ္ဘာ့နိုင်ငံများအားလုံး၏ ဂျီဒီပီတွင် ၂၀ ရာခိုင်နှုန်းခန့် ပါဝင်သည်။

အဆိုပါ နိုင်ငံ သုံးနိုင်ငံစလုံး၌ ခေါင်းဆောင်သစ်များ စတင်တာဝန်ယူလျက်ရှိကြရာ ဆက်ဆံရေးထိခိုက်နိုင်သော ပိုင်နက်နယ်မြေ အငြင်းပွားမှုများကို လျစ်လျူရှုကာ ကုန်သွယ်ရေးဆွေးနွေးမှုများကို တိုးတက်အောင် ဆောင်ရွက် နိုင်မည်ဟု မျှော်လင့်ရသည်။

သုံးပွင့်ဆိုင် လွတ်လပ်သော ကုန်သွယ်ရေးဇုန်နယ်မြေ ထူထောင်ရေးဆိုင်ရာ အယူအဆတစ်ရပ်ပေါ်ပေါက်ခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ယခုအခါ ယင်းဇုန်မြေကို ထူထောင်နိုင်ရန် ဖိအားပေးဆောင်ရွက်လာကြောင်း၊ အကြောင်းမှာ အာရှ ဒေသ၌ အမေရိကန်က အလားတူ ဇုန်နယ်မြေထူထောင်နိုင်ရန် ကြိုးပမ်းလာခြင်းကြောင့်ဖြစ်ကြောင်း သံတမန်များက ပြောကြားသည်။

**ယွန်ဟပ်။**

# လူနာသစ်အတွက် လူနာဟောင်းသတ်သည့် ဘရာဇီးဆရာဝန်ကို ဖမ်းဆီးတရားစွဲ

ဘရာဇီးလ်းယား မတ် ၂၈

ဘရာဇီးနိုင်ငံတောင်ပိုင်း ကူရီတီဘာမြို့ရှိ အီဗန်ဂီလီကာဆေးရုံ၏ အထူးကြပ်မတ်ကုသဆောင်၌ လူနာခုနစ်ဦးကို သတ်ပစ်ခဲ့သည်ဟု စွပ်စွဲ ခံထားရသော ဆရာဝန်သည် လူနာ ၃၀၀ သေဆုံးခြင်းတွင်လည်း တာဝန်ရှိသူဖြစ်ဖွယ်ရာရှိသည်ဟု ကျန်းမာ ရေးဝန်ကြီးဌာနမှ စစ်ဆေးရေးအရာရှိတစ်ဦးက ပြောကြားသည်။

ဒေါက်တာဗာဂျီးနီးယားဆိုရက်စ် ဒီဆော့ဇာနှင့် ၎င်း၏ ဆေးအဖွဲ့သည် လူနာများကို ကြွက်သားပျော့စေသည့် ဆေးများတိုက်ကျွေးပြီး အောက်စီဂျင်ပေးထားခြင်းကို လျှော့ချလိုက်ကြရာ လူနာများသည် အသက်ရှူကျပ်၍ သေဆုံးသွားကြရသည်ဟု အစိုးရရှေ့နေများက ပြောသည်။

ဆရာဝန်လည်းဖြစ် မုဆိုးမလည်း ဖြစ်သည့် ဒီဆော့ဇာ (၅၆)နှစ်ကို လွန်ခဲ့သောလ၌ ဖမ်းဆီးခဲ့ပြီး လူသတ်မှုခုနစ်မှုဖြင့်စွဲချက်တင်ထားသည်။ ၎င်း၏ လက်အောက်တွင် တာဝန်ထမ်း ဆောင်ကြသော ဆရာဝန်သုံးဦး၊ သူနာပြုဆရာမသုံးဦးနှင့် အကြောပြင်ဆရာ တစ်ဦးတို့ကိုလည်း လူသတ်မှုဖြင့် စွဲချက်တင်ထားသည်။ **ရိုက်တာ။**

# အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် ဗုံး ၁၃လုံး သိမ်းဆည်းရမိ

ကဘူး မတ် ၂၈

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းပြည်နယ်များတွင် အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)တို့ ပူးပေါင်းစစ်ဆင်ရေး ပြုလုပ်စဉ် လက်လုပ်ဗုံး ၁၃လုံးကို သိမ်းဆည်းရမိကြောင်း အိုင်အက်စ်အေအက်ဖ်က မတ် ၂၈ရက်တွင် ပြောကြားသည်။

အဆိုပါစစ်ဆင်ရေးကို လွန်ခဲ့သည့် ၂၄နာရီက နိုင်ငံအရှေ့ပိုင်းပြည်နယ်များတွင် ပြုလုပ်ခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် အိုင်အက်စ်အေအက်ဖ်အဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

ယင်းလက်လုပ်ဗုံးများကို ခို့စ်၊ဂါဇနီ၊ ပက်တီကာ၊ ကူနာနှင့် ဝါဒက်စ်ပြည်နယ်များမှာ တွေ့ရှိရကြောင်း၊ ယင်းဗုံးများ မပေါက်ကွဲစေရန် တပ်ဖွဲ့ဝင်များက စနက်တံများဖြုတ်ပစ်လိုက်ရကြောင်း၊ စစ်ဆင်ရေးတွင် စစ်သွေးကြွဟု မသင်္ကာသူတစ်ဦးကိုလည်းထိန်းသိမ်းလိုက်ကြောင်းပြောကြားသည်။အာဖဂန်နစ္စတန်နိုင်ငံတွင် ပွင့်လင်းရာသီသို့ ရောက်ရှိလာသည့်အတွက် ဗုံးရှင်းလင်းရေးလုပ်ငန်းများ ပြုလုပ်လျက်ရှိသည်။ **ဆင်ဟွာ။**






# ကြက်ငှက်တုပ်ကွေးရောဂါဘေးအန္တရာယ်ဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေး

**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုအသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အောက်ခြေအဆင့်ထိ ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများအနက် နယ်စပ်ဖြတ်ကျော်ကူးစက်တတ်သည့် ကြက်ငှက်တုပ်ကွေးရောဂါသည် ပြည်သူလူထုကျန်းမာရေးအတွက် အရေးကြီးသည့်အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကြက်မွေးမြူထုတ်လုပ်ရေးကို ဆိုးရွားစွာထိခိုက်စေသော အရေးကြီးသည့် ရောဂါတစ်ခုဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့နံနက် ၉ နာရီတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော ကြက်ငှက်တုပ်ကွေးရောဂါ ဘေးအန္တရာယ်ဆိုင်ရာ အကြံပြု အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတွင် ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်းမဟုတ်ဘဲ တစ်ကမ္ဘာလုံးဖြစ်ပွားနေသော ရောဂါဖြစ်၍ ရောဂါထိန်းချုပ်မှု ဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ ကွာဟချက်များကို အလုပ်ရုံဆွေးနွေးပွဲမှ တစ်ဆင့်ဖော်ထုတ်ပေးစေလိုကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်မှု အစီအမံများ ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် ဝိုင်းဝန်းဆွေးနွေးကြရန်လည်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ FAO ကိုယ်စားလှယ် Dr. Tony Williams နှင့် Prevent Project ကိုယ်စားလှယ် Dr. Eleanora de Guzman တို့က Prevent Project သည် ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ်ကို လျှော့ချပေးနိုင်မည့် Project တစ်ခုဖြစ်ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် FAO-PREVENT တို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြင့် ပြည်သူလူထုနှင့် အဖွဲ့အစည်းများအတွင်း လူသားများအား ခြိမ်းခြောက်နေသည့် ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် လျော့ပါးလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ FAO နှင့် PREVENT မှကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ တာဝန်ရှိသူများနှင့် မွေးမြူရေးဆိုင်ရာ ပညာရှင်များက ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ကြက်ငှက်တုပ်ကွေးရောဂါ ဘေးအန္တရာယ်ဆိုင်ရာ အကြံပြု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။** (သတင်းစဉ်)



# ပျဉ်းမနားမြို့နယ်၌ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်

နေပြည်တော် မတ် ၂၈

**နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီး ငလိုက်ဆည်ရေသောက်စနစ်ဧက ၃၀၀၀ စက်မှုလယ်ယာစိုက်ကွင်းနှင့် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာဧက ၄၄၀ စက်မှုလယ်ယာစိုက်ကွင်းတို့သို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှု၍ တောင်သူလယ်သမားများနှင့် တွေ့ဆုံသည်။** (အပေါ်ပုံ)

ထို့နောက် ငလိုက်ဆည်ရေသောက်စနစ်အမှတ်(၁) လက်တံမြောင်းဧရိယာအတွင်းရှိ ရေသွင်းမြောင်း၊ ရေနုတ်မြောင်းများ ကြံ့ခိုင်ရေးဆောင်ရွက်နေမှု၊ မြေပြင်ဆင်နေမှုများနှင့် မြေထွန်ယက်နေမှုများကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက မှာကြားရာတွင် နွေစပါးရိတ်သိမ်းချိန် မိုးလွတ်ရန်အတွက် အချိန်ကိုက်စိုက်ပျိုးနိုင်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ပုလဲသွယ်သက်တမ်းတို နွေစပါးစပ်မျိုးသည် သက်တမ်းရက်၁၀၀နှင့်၁၁၀ကြားတွင်ရှိသဖြင့် မိုးလွတ်လေလွတ် စိုက်ပျိုးနိုင်၍ အလေအလွင့် အဆုံးအရှုံးလျော့နည်းမည်ဖြစ်ကြောင်း။

တစ်ရာသီနှင့် တစ်ရာသီပိုမိုတိုးတက်အောင် ရရှိလာသော အတွေ့အကြုံပေါ်အခြေခံ၍ အိမ်နီးချင်း ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ထက်သာအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ၎င်းနိုင်ငံများ၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ချက်များကို အသေးစိတ်လေ့လာပြီး နောက်ကျမကျန်အောင် အစွမ်းကုန်ကြိုးစား လုပ်ဆောင်ကြရန် ပြောကြားသည်။ **(သတင်းစဉ်)**



ရွှေပြည်ငြိမ်းပြည်ပအလုပ်အကိုင်အေဂျင်စီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးမြင့်အောင်နှင့်အဖွဲ့ မြန်မာလုပ်သားများ တရုတ်(တိုင်ပေ)သို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် လုပ်ငန်းဆိုင်ရာကိစ္စများ လေ့လာဆွေးနွေးရန် မတ် ၂၆ ရက်က ရန်ကုန်မြို့မှ မထွက်ခွာမီ တွေ့ရစဉ်။ **(ကြေးမုံ)**

# ပြည်ထောင်စုဖလားပြေးခုန်ပစ်ပြိုင်ပွဲ ဆုရဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် မတ် ၂၈**

၂၀၁၃ ခုနှစ် ပြည်ထောင်စုဖလား ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ကရာတေးဒိုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်း အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ဈေးများဌာန ဌာနမှူးက ရန်ကုန်မြို့တော်ဝန်ထံ တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်သည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်က ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ကရာတေးဒိုပြိုင်ပွဲတို့တွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိကြသော အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

၂၀၁၃ ခုနှစ် ပြည်ထောင်စုဖလား ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ကရာတေးဒိုပြိုင်ပွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရွှေတံဆိပ် ၁၂ခု၊ ငွေတံဆိပ် ရှစ်ခု၊ ကြေးတံဆိပ် သုံးခုနှင့် တံခွန်စိုက်ဒိုင်းဆုကြီးကို ရရှိခဲ့သည်။

**(သတင်းစဉ်)**



# (၂၇) ကြိမ်မြောက် ဆီးဂိမ်း (စ်) ဖွင့်ပွဲနှင့် အနုပညာရှင်တို့၏ သန္နိဋ္ဌာန်

ယဉ်ကျေးမှုဝန်ကြီးဌာန

(၂၈-၂-၂၀၁၃)ရက်နေ့ ညနေက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံကြီးတွင် ပထမအကြိမ် ပြည်ထောင်စုအားကစားပြိုင်ပွဲ ဖွင့်ပွဲကို ကျင်းပသည်။ ယင်းပြိုင်ပွဲကြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များက အားကစား အမျိုးပေါင်း ၃၃ မျိုးအတွက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

ပြည်ထောင်စုအားကစားပြိုင်ပွဲ၏ စီမံခန့်ခွဲမှုများကို Pre SEA Games ဟု စကားလုံးအားဖြင့် တင်စားထားလိုက်သည်ဖြစ်ရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်အခါ သည်အတိုင်း အင်အားမျိုးဖြင့် အင်အားပြည့် အစွမ်းကုန်ကစားကြရခြင်း၊ ဖွင့်ပွဲကိုလည်း သည်အတိုင်း ကျင်းပလိမ့်မည်ဟု Rehearsal အဖြစ် ပြုလုပ်ခြင်း ဖြစ်လိမ့်မည်ဟု ခံစားအကဲဖြတ်မှုများ ဖြစ်လာပါသည်။

ပြည်ထောင်စုအားကစားဖလားသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမဟုတ်ပါ။ ယင်းအားကစားပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်မှုများသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အတည်ပြုအင်အားများဖြစ်သည်ဟု မယူဆမိဖို့လိုပါသည်။

ဥပမာ - ဖွင့်ပွဲ၌ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းတင်ဆက်မည့် အစီအစဉ်များကို အခြေခံထားပါသည်။ သို့သော် သည်အတိုင်းတော့ မဟုတ်ပါ။ အခြေအနေအရ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်မည့် အခြေခံလုပ်ငန်းစဉ် အစီအစဉ်များအတိုင်း စမ်းသပ်၊ စူးစမ်းကြည့်လို၍ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအစီအစဉ်များရော၊ ပိတ်ပွဲအစီအစဉ်များကိုပါ သည်မှာ ပေါင်းထည့်ကြည့်လိုက်တာဖြစ်ပါသည်။ စစ်ရေးပြမပါ အစီအစဉ်ပေါင်း ၁၇ မျိုးဖြင့် ပါဝင်ခဲ့ခြင်းအတွက် အချိန်နာရီများစွာ ကြာမြင့်သွားခဲ့သည်။ တကယ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဖွင့်ပွဲဖြစ်စေ၊ ပိတ်ပွဲဖြစ်စေ ၃ နာရီထက် ပိုကြာ၍မဖြစ်ပါ။ ဖွင့်ပွဲတွင် တက်ကြွလန်းဆန်းနေသော ပြိုင်ပွဲဝင်နိုင်ငံများက ဧည့်သည်များနှင့် အိမ်ရှင်ပရိသတ်များ ရှိနေကြမှာဖြစ်ပြီး ပိတ်ပွဲတွင်မူ မလွှဲသာ၍ ကျန်ရှိနေသော ပြိုင်ပွဲဝင်အားကစားသမားအချို့၊ နောက်ဆုံးကျန် အားကစားပြိုင်ပွဲများမှ အုပ်ချုပ်သူနှင့်နည်းပြအချို့၊ ပိတ်ပွဲအတွက် မလွှဲမရှောင်သာ ကျန်ရှိရမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖက်ဒရေးရှင်းကောင်စီဝင်အချို့နှင့် အောင်ပွဲခံအိမ်ရှင်နိုင်ငံကပင် ပရိသတ်များသာ ကျန်ရှိပါသည်။ ပိတ်ပွဲဖြစ်သည့်အတွက် နောက်ကျင်းပမည့် အိမ်ရှင်နိုင်ငံသို့ SEAGF အလံ လွှဲပြောင်းသည့် အစီအစဉ် ပါရှိပါသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲတွင် ပြိုင်ပွဲဝင် အိမ်ရှင်နိုင်ငံအသီးသီးက မိမိတို့နိုင်ငံအလံ၊ နိုင်ငံအမည် ဆိုင်းဘုတ်ငယ်၊ နိုင်ငံအားကစားသမားဝတ်စုံတို့ဖြင့် မိမိနိုင်ငံကိုယ်စားပြုကာ မိမိနိုင်ငံနေရာမှ အက္ခရာအစဉ်အလိုက် ပါဝင်ချီတက်ခဲ့ကြသော်လည်း ပိတ်ပွဲတွင်မူ နိုင်ငံအလိုက်မပါဝင် မချီတက်ရတော့ဘဲ အားကစား အမျိုးအစား အုပ်စုလိုက်သာ ပါဝင်ကြပါတော့သည်။ ဥပမာ - ဘောလုံးအားကစားဆိုပါတော့ ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံလုံးမှအသင်းများ ချီတက်လမ်းလျှောက်ကြတော့မည် မဟုတ်တော့ပါ။ ကိုယ်စားသာ ကျန်ရှိပါသည်။ အခြားအားကစားအမျိုးအစားများလည်း အလားတူပင်ဖြစ်ပါသည်။ ယှဉ်ပြိုင်ပြီးကြပြီဖြစ်သော အားကစားသမားများသည် ကိစ္စပြီးပြီဖြစ်၍ မိမိတို့နိုင်ငံသို့ ပြန်ကြပြီဖြစ်ပါသည်။

(၂၅ - ၃ - ၂၀၁၃) နေ့က အားကစားဝန်ကြီးဌာနတွင် ကျင်းပသောအစည်းအဝေး ပဏာမ ဆုံးဖြတ်ချက်အရ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးတွင်သာ(၂၀-၁၂-၂၀၁၃) နေ့ ညနေတွင် ကျင်းပမည်ဟုဆိုသည်။ တာဝန်ခံ ပြည်ထောင်စုဝန်ကြီး နှစ်ဦးက အဆင်ပြေအောင်၊ ဖြစ်နိုင်အောင် လုပ်မည်ဟု မူအားဖြင့် သဘောတူလိုက်ကြပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနသည် ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပရေး တာဝန်ခံဖြစ်ရာ ယနေ့အချိန်ထိ ပိတ်ပွဲအခမ်းအနား အတွက် သီးသန့်လေ့ကျင့်ခြင်းကို မစတင်ရသေးပေ။ ပိတ်ပွဲတွင်ပါဝင်သော ဖျော်ဖြေရေးအစီအစဉ်များအတွက် ကဏ္ဍအလိုက် လူအင်အားတွက်ချက်ကာ လေ့ကျင့်ပြီးဖြစ်သော်လည်း ပိတ်ပွဲအခမ်းအနား အစီအစဉ်အတိုင်း ဆက်မလုပ်ရသေးပေ။ မည်သည့်တင်ဆက်မှုများကို ဖွင့်ပွဲတွင်ထည့်ပြီး မည်သည့်တင်ဆက်မှုများကို ပိတ်ပွဲတွင် ထည့်မည်ဆိုတာ ချင့်ချိန်လျက်ရှိပါသည်။

ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌဖြစ်သော အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် အားကစားဖွင့်ပွဲများကို တက်ရောက်ပါဝင် ကြည့်ရှုလေ့လာဖူးသည့် အတွေ့အကြုံများပါသည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအစီအစဉ်များသည် အိမ်ရှင်နိုင်ငံ၏ မည်သည့်အားကို ပြမည်ဆိုတာ Message ပေးရပါမည်။ တရုတ်နိုင်ငံသည် လူအင်အားပြည့်စုံ ကျွမ်းကျင်မှုနှင့် ခေတ်မီကွန်ပျူတာနည်းပညာမြင့်မားမှု၊ အနုပညာမြင့်မားမှုကိုပြသည်။ လန်ဒန်အိုလံပစ်သည် လုပ်ဆောင်နိုင်မှုနှင့် သမိုင်းအစဉ်အလာရှိမှုကို ပြသည်ဟု မကြာခဏ တိုက်တွန်းပါသည်။ မြန်မာနိုင်ငံက ဘာ Message ပြမှာလဲဟု မေးလေ့ရှိပါသည်။ ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပရေး ကော်မတီတွင် ဒုတိယဥက္ကဋ္ဌလည်းဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့်လည်း ထောက်ပြလေ့ရှိပါသည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တင်ဆက်မှုများ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး Message နှင့် လူငယ်တို့၏ အနာဂတ်ကို ထည့်ပြလေ့ရှိသည်ဟု သူပြောပါသည်။

ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပရေးကော်မတီက စီစဉ်ထားသော အစီအစဉ်များတွင် အနုပညာပိုင်းဆိုင်ရာ တင်ပြမှုကို ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာရှင်များနှင့် နည်းပြသရုပ်ပြများက နိုင်နင်းစွာ ဆောင်ရွက်နိုင်ကြပါသည်။ သို့သော် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကပွဲများ၏ ကပြမှုသည် ကိုယ့်နိုင်ငံ၊ ကိုယ့်အနုပညာ၊ ကိုယ့်ဟန်ကို တင်ဆက်ကပြရာ ကြည့်ရှုသူ နိုင်ငံခြားသားတို့အတွက်၊ အားကစားအဖွဲ့အစည်းတို့အတွက် ချီးကျူးမှုသာပြုပြီး အံ့ဩမှုတော့မရှိပါ။ သိပ်စိတ်မဝင်စား၍ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏အကများကို မြန်မာနိုင်ငံသားများကသာ အနုပညာဂုဏ်ယူမှုဟန်ဖြင့် အကဲခတ်ကြပါသည်။

အီး/ကွန်ပျူတာသုံး ခေတ်မီနည်းပညာသုံးစွဲမှု ပွံ့ပိုးခြင်းကို နိုင်ငံတိုင်းလိုလိုက အလေးထားလာပါသည်။ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတင်ဆက်မှုများအတွက် အနုပညာရသ တင်ဆက်မှုဇာတ်ညွှန်းနှင့် အကြံပေး ဒါရိုက်တာ အကယ်ဒမီ စင်ရော်မောင်မောင်က "အနုပညာဖန်တီးမှုထက် နည်းပညာဖန်တီးမှုက ရှေ့ရောက်နေရာယူသွားပြီ" ဟု စိတ်မကောင်းစွာပြောရင်း တရုတ်နိုင်ငံ CAEG အဖွဲ့က ကူမည့် ခေတ်မီကွန်ပျူတာသုံး အံ့မခန်းတင်ဆက်မှုများကို လေ့လာနေပါသည်။ သူလည်း ဇာတ်ညွှန်းများနှင့် တကွ ကွန်ပျူတာအထူးပြုလုပ်ချက်များကို အားထည့်ဆောင်ရွက်နေပါသည်။ တရုတ်နိုင်ငံ CAEG (China Arts and Entertainment Group) က ဖွင့်ပွဲ count down ဟု သုံးနေကြသော ၁၀ စက္ကန့် အမှတ်စဉ် ရေတွက်မှုအတွက် ကွန်ပျူတာနည်းစနစ်သုံးမည့်အပြင် လူအင်အား ၃၀၀၀ ဖြင့် ဆောင်ရွက်လိုသည်ဟုပြောသည်။ မီးရှူးတိုင်ကို မီးထွန်းညှိရာတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တစ်ကြိမ်ထက် တစ်ကြိမ် တီထွင်လာရာ လူဖြင့် မီးရှို့၊ မီးကူးခြင်းမှ မြားပစ်၊ လှံပစ်တွေလုပ်လာသည်။ မြန်မာက SEAGF နိုင်ငံ ၁၁ နိုင်ငံ ကိုယ်စားပြု အားကစားသမား ၁၁ ဦးဖြင့် မီးထွန်းပြီး လူစွမ်းကောင်းမြန်မာက မြားဖြင့် မီးတိုင်စင်ကြီးကိုပစ်ကာ ဖွင့်လှစ်မည်ဟု စိတ်ကူးရှိရှိ သေးစဉ် လန်ဒန်က လူအင်အားဖြင့် မီးထွန်းညှိသွားသည်။ ဆရာခင်မောင်ထွေး(ပျဉ်းမနား)၏ သုတေသနဆောင်းပါး အရ ဒုတိယကမ္ဘာစစ်မတိုင်မီအထိ ဖွင့်ပွဲမီးရှူးတိုင် ထွန်းညှိတာမရှိသေးဟု ဆိုပါသည်။

အနုပညာနှင့် ခေတ်မီအီလက်ထရွန်နစ်/ကွန်ပျူတာ နည်းပညာသုံး အတတ်ပညာဖြင့် ပေါင်းစပ်ပြီးနောက် ရသ မြောက်အောင် ဘယ်လိုတင်ဆက်မည် နည်းဆိုတာရှိပါသည်။ ဘောလုံးပြိုင်ပွဲကြည့်ရသလိုပင် ဖြစ်ပါသည်။ ပယ်နယ်လ်တီ မည်သို့ကန်ရမည်မသိသော်လည်း ပယ်နယ်လ်တီ ရသင့်သောပြစ်ဒဏ် ဖြစ်သည်/မဖြစ်သည်နှင့် ဒိုင်လူကြီးမှားသည်/မှန်သည်ကိုတော့ ပြောကြမှာဖြစ်ပါသည်။ အလားတူပင် ဘောလုံးသမားနေရာတွင် ကိုယ်မရှိသော်လည်း "ဖာဂူဆန်" ၏ နေရာတွင် မိမိဝင်ပြီး နိုင်မည့်အသင်းဘက်က "နည်းဗျူဟာ" ကြေးထပ်ပါသည်။ ပရိမီယာအောက်တန်းတက်အသင်းများကို စိတ်ပင်မဝင်စားပါ။ အလယ်အလတ်အဆင့်အသင်းလောက်ဆိုလျှင်ပင် မျက်လွှာလှန်ကြည့်ရုံလောက်ဖြစ်ပါသည်။ ယင်းကဲ့သို့ပင် ဖွင့်ပွဲအကများ တင်ဆက်မှုနှင့် စီမံခန့်ခွဲမှုသည် ဆက်စပ်နေပါသည်။ စီမံခန့်ခွဲမှုကဏ္ဍဖြစ်သော ပွဲကြည့်စင်နောက်ကွယ်က အခြေအနေများကို မသိပါ၊ သိရန်မလိုဟု ယူဆပြီး သိရန်လည်းမကြိုးစားပါ၊ လုပ်လည်းမလုပ်ဖူးပါ။ သို့သော် တင်ဆက်မှုနှင့် စီမံခန့်ခွဲမှုသည် "နည်းဗျူဟာ" ပိုင်းဖြစ်၍ ဘောလုံးနည်းပြဂုရုကြီး "ဖာဂူဆန်"၏ နေရာကဲ့သို့ပင်ဖြစ်ပါသည်။ အသေအချာ မလုပ်နိုင်လျှင်သွားပြီ။ လူတိုင်းက ပါဝင်ခံစားပြီး နိုင်အောင်ကစားချင်သော စီမံခန့်ခွဲမှုနှင့် နည်းဗျူဟာကျင့်သုံးမှုသာဖြစ်ပါသည်။

ပါဝင်သောအက ကဏ္ဍများ ရွေးချယ်တင်ဆက်မှုသည် ပေးလိုသော Message ဟု ပြောရပါမည်။ မိမိတို့နိုင်ငံ၏ အားကိုပြရမည်ဟု ပြောသည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ Logo နှင့် Mascot သည် ဇီးကွက်ရုပ်ဖြစ်သည်။ အချို့ကလည်း နာမည်မလှသည့်အပြင် ညဥ့်ဘက်လှုပ်ရှားသည့်ငှက်မို့လားမသိ ဘာကြီးလဲဟုမေးသည်။ အချို့ကတော့ ကာတွန်းထဲကအတိုင်း ချစ်စရာလေးဟု ပြောသည်။ အချို့က ဇီးကွက်ရုပ်ဆိုတော့ လာဘ်ကောင်းတာပေါ့ နိုင်မှာပဲဟု ပြောသည်။ ဆောင်ပုဒ် (Theme) ကမူ Green, Clean & Friendship (Through Games)ဟု ဆိုထားပါသည်။ အနည်းဆုံး Friendship ဖြစ်တည်ရန် Message ပေးရမည်သာဖြစ်ပါသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲများတွင် နိုင်ငံများသည် မိမိတို့အနုပညာရှင်များ၏အားဖြင့်သာ ကျောင်းသား ကျောင်းသူများကိုသုံးပြီး ကပြလေ့ရှိပါသည်။ အက၊ အနုပညာနည်းပြီး အဝတ်အစား အနုပညာ၊ နည်းပညာ အနုပညာ၊ ဆပ်ကပ်အနုပညာ၊ တင်ဆက်မှုအနုပညာများကို အဓိကထားသုံးပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနကမူ နိုင်ငံအတွက် အဝတ်အစားဒီဇိုင်းနှင့် ရိုးရာကန့်သတ်ချက်ကို စိတ်ပူနေသည်။ သို့သော် ဆီးဂိမ်း(စ်)သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံမှ အကအဖွဲ့ ၃၀ စီကိုဖိတ်ပြီး ဖွင့်ပွဲ၌ ပါဝင်ကပြရန် ဆောင်ရွက်နေသည်။ "မိမိတို့နိုင်ငံက ကလေးတွေက သူတို့အကကို သရုပ်ဖော် ကပြတာထက် သူတို့ကိုယ်တိုင်လာကတာကို စုပေါင်းတင်ဆက်ဖန်တီးနိုင်ရင် ပိုပြီးနားလည်မှု၊ ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်တာပေါ့" ဟူသော စံကို ဖော်ဆောင်ထားသည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဆောင်ပုဒ်နှင့်လည်း ကိုက်ညီစေသည့် Friendship ဖြစ်ပါသည်။

(၂၈-၂-၂၀၁၃) နေ့ ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲတွင် တင်ဆက်မှုသည် လူအင်အား ၈၆၂ ဦးနှင့် ဧည့်သည်ကရင်ဒုံးယိမ်းအဖွဲ့ ၁၀၀ ဦး ပါရှိပါသည်။ ကျောင်းသားကျောင်းသူများ စာမေးပွဲချိန်ဖြစ်၍ အနုပညာဦးစီးဌာနမှ ဝန်ထမ်းအကပညာရှင်၊ ရန်ကုန်နှင့် မန္တလေး အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အထောက်အကူပြု အနီးကပ်တာဝန်ယူသူ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်မှ စစ်တီးဝိုင်းနှင့် အလံကိုင်တပ်ဖွဲ့ဝင်များသာပါရှိပါသည်။ ဒီဇင်ဘာဖွင့်ပွဲတွင် အမှန်တင်ဆက်မည့်အားမှာ ၉၀၀၀ နှင့် ဆောင်ရွက်သွားမှာဖြစ်ပြီး (၂၈-၂-၂၀၁၃)နေ့ ကပွဲတွင် မပါဝင်ခဲ့သော အစီအစဉ်ကြီးနှစ်ခု၏ အင်အားသည်ပင် ၄၀၀၀ ဦး ရှိပါသည်။ (၂၈-၂-၂၀၁၃)နေ့ အစီအစဉ် စမ်းသပ်ပွဲသည် အစီအစဉ်အတော်များများကို လူအင်အားအနည်းငယ်က ထပ်ကျော့အဝတ်အစားလဲ ကပြရခြင်းဖြစ်၍ ကြာချိန်များကို သီချင်းဆိုမှုဖြင့် ကြားထိုးထည့်ထားရာ တင်ဆက်မှုအရ အချိုးမညီဟု ပယ်ပယ်နယ်နယ် ထောက်ပြကြပါသည်။ အားနည်းချက်ရှိသည်ရော၊ မရှိသည်ရော စုပေါင်းပြီး ကိုယ်ပိုင်သုံးသပ်ချက်ဖြင့် "တောဇာတ်" ဟုလည်း ထောက်ပြကြပါသည်။

လုံခြုံရေးနှင့် သတင်းမီဒီယာကဏ္ဍကတော့ အခြားနိုင်ငံတွင် ကျင်းပသည့် အခင်းအကျင်းအရလည်း စည်းကမ်းတင်းကျပ်မှုနှင့် အလေ့အကျင့်အရ လိုက်နာရမှုသာ ဦးစားပေးပါသည်။ အင်ဒိုနီးရှားတွင် (၂၆)ကြိမ်မြောက် ကျင်းပစဉ်က မြန်မာနိုင်ငံက အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌသည် အိမ်ရှင်နိုင်ငံကဖိတ်သော မန်ဘာသုံးဦး စာရင်းထက်ပိုပြီး လာသည့်အပြင် ကြိုတင်စာရင်းမပါ(ပြောတာပါပဲ)ဆိုကာ သီးသန့်သုံး မော်တော်ယာဉ်မရ၊ သီးသန့် အထောက်ပြု Liaison (L /O) မရဘဲ ကြုံသလိုသွားကာ လုံခြုံရေး အထပ်ထပ်စစ်ဆေးခြင်းခံပြီး အားကစားသမားများကို အားပေးခဲ့သည့် ဖြစ်စဉ်ရှိပါသည်။ မီဒီယာများလည်း သူ့နေရာကပဲသူ အခွင့်အရေးရပါသည်။ သတ်မှတ်ထားသောအခွင့်အရေးအရ မီဒီယာကုမ္ပဏီမှအပ အခြားသူများ အထူး right မရကြပါ။ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဗီယက်နမ်)တွင် ကျင်းပစဉ်က ပို၍ပင်လုံခြုံရေး အတိအကျ လုပ်သည်ကိုတွေ့ရသည်မှာ ကိုယ်တွေ့ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ (၂၇)ကြိမ်မြောက် ဆီးဂိမ်း(စ်)တွင်လည်း လိုအပ်ချက်အရ လုံခြုံရေးစနစ်တကျ တိကျစွာ ဆောင်ရွက်မည်သာဖြစ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် (၂၈-၂-၂၀၁၃) နေ့က ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်က မီဒီယာကလည်းကောင်း၊ အင်တာနက်စာမျက်နှာများကလည်းကောင်း၊ ပွဲကြည့်သော ဝန်ထမ်းများ၏ ပြောဆိုအကြံပြုချက်များကိုလည်းကောင်း အကောင်းအဆိုးစုစည်းကာ ပြန်လည်ဆန်းစစ်မှု မှတ်တမ်းဝင်ပြုလုပ်ပြီးဖြစ်သည်။ အဓိက ကော်မတီဝင်များ၏ အတည်ပြုလိုသော တင်ဆက်ကပြမှု အမျိုးအစားများလည်း ညှိနှိုင်းပြီးဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ အကတင်ဆက်မည့် ကလေးများကိုသင်ပြမည့် နည်းပြများအတွက် ဒုတိယအကြိမ် လေ့ကျင့်ခြင်းကိုလည်း (၂၅-၃-၂၀၁၃) နေ့က စတင်ပြီဖြစ်သည်။ တရုတ်နိုင်ငံ CAEG မှ နည်းပညာ၊ အတတ်ပညာရှင်များနှင့်လည်း ဧပြီလတွင် တင်ဆက်မှုညှိနှိုင်းစီစဉ်ခြင်းကို တတိယအကြိမ် ဆောင်ရွက်မည်။ ပြိုင်ပွဲဝင်နိုင်ငံအသီးသီးမှ ယဉ်ကျေးမှုအက ဒါရိုက်တာများနှင့်လည်း ဧပြီလသင်္ကြန်ကာလတွင် ညှိနှိုင်းအစည်းအဝေးလုပ်ဦးမှာဖြစ်သည်။ သို့ဖြစ်ရာ ယဉ်ကျေးမှုဝန်ကြီးဌာနသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ဆောင်ရွက်နေသော အားကစားပြိုင်ပွဲကြီး တည်ဆောက်၊ အင်အားစုစည်းလေ့ကျင့်၊ ယှဉ်ပြိုင်အားကစားပွဲကျင်းပ၊ အောင်မြင်မှုရရေး ဆောင်ရွက်ချက်များနှင့် ဟန်ချက်ညီစွာ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများ အောင်မြင်စွာ အာဆီယံဒေသအဆင့်ညီ ကျင်းပရေးကို နေ့/ညအလေးထား စီမံလျက်ရှိပါကြောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ ဒုတိယမဏ္ဍိုင်ပြိုင်ပွဲကို ဂုဏ်သိက္ခာရှိရှိ ယှဉ်ပြိုင်ရန် သန္နိဋ္ဌာန်ချ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ပါသည်။ ။





ပြည်တွင်းရေးရာ

# မိုးပွင့်စီမံချက်အဆင့်(၅)ဆောင်ရွက်ရန်နှင့် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် မတ် ၂၈**

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ဝန်ကြီးဌာနဖြစ်သည်နှင့်အညီ ပြည်သူကိုဗဟိုပြု၊ ပြည်သူ့ဆန္ဒကို အလေးထား ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသစ်တာဝန်ယူချိန်မှစ၍ ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိရာ မိမိတို့ဝန်ကြီးဌာနကလည်း ပြည်သူတို့အတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဖြေလျှော့သော နည်းလမ်းများဖြင့် မိုးပွင့်စီမံချက်များ ရေးဆွဲကာ နိုင်ငံတစ်ဝန်းလုံး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးရာတွင် ယခုဆိုလျှင် မိုးပွင့်စီမံချက်အဆင့်(၄)အထိ ဆောင်ရွက်နိုင်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၄၁၅၁၅၇ ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားစုစုပေါင်း ၁၀၇၉၀၉၄ ကတ်ကို ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုထပ်မံ၍ လာမည့်ဧပြီ ၁ ရက်မှ မေ ၃၁ ရက်အထိ နှစ်လတာကို မိုးပွင့်စီမံချက်အဆင့်(၅)အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရေးအတွက် တိကျမှန်ကန်သော လူဦးရေကိန်းဂဏန်းအချက်အလက်များရရှိနိုင်ရန် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့် သန်းခေါင်စာရင်းကောက်ယူခြင်းကို မိမိတို့ဝန်ကြီးဌာနက တာဝန်ယူ၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်၊ ကော်မတီ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်ပေါင်း(၃၀)ကြာအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အောင်မြင်စွာဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို စီမံချက်လုပ်ငန်းအဆင့်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းအတွေ့အကြုံနှင့် လုပ်ငန်းလိုအပ်ချက်များ သိရှိနိုင်ရေးအတွက် အကြိုအဖြစ် ၂၀၁၃ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း၊ စမ်းသပ်သန်းခေါင်စာရင်းကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြို့နယ် ၂၀ ရွေးချယ်၍ ရပ်ကွက်/ကျေးရွာအုပ်စု ၂၀ ၌ ကောက်ယူဆောင်ရွက်မည်ဖြစ်ကြောင်း။

ယခုအစည်းအဝေးတွင် မိုးပွင့်စီမံချက်အဆင့်(၅) ဆောင်ရွက်ရန်လုပ်ငန်းလျာထားသတ်မှတ်မှု၊ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရန် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းအလိုက် လိုအပ်ချက်များကို အသေးစိတ်ရှင်းလင်းတင်ပြကြရန်လိုကြောင်းဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီက မတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မိုးပွင့်စီမံချက်အဆင့်(၅) ဆောင်ရွက်ရန်နှင့် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားသည်။**(အပေါ်ယာပုံ)**

ထို့နောက် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများက မိုးပွင့်စီမံချက်များ ဆောင်ရွက်ခဲ့မှုအပေါ် အားသာချက်၊ အားနည်းချက်များ၊ မိုးပွင့်စီမံချက်အဆင့်(၅) ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အလိုက် ရပ်ကွက်၊ ကျေးရွာများ လျာထားရွေးချယ်မှုနှင့် လုပ်ငန်းစီမံချက်များ၊ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ကျော်ဝင်းနှင့် ဦးဝင်းမြင့်တို့က စီမံချက်အလိုက် လုပ်ငန်းများအောင်မြင်ရေးအတွက် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ကမ္ဘာ့ကာကွယ်ဆေးနှင့်ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုအဖွဲ့အစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်ခဲ့

**နေပြည်တော် မတ် ၂၈**

စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ မတ် ၂၀ မှ ၂၂ ရက်အထိ ကျင်းပသော ကမ္ဘာ့ကာကွယ်ဆေးနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုအဖွဲ့အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာဖေသက်ခင် တက်ရောက်ခဲ့သည်။

အစည်းအဝေးကို ဘာစီလိုနာမြို့ Rey Juan Carlos ဟိုတယ်၌ ကျင်းပရာ ကမ္ဘာပေါ်တွင် ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်ခြင်း လွှမ်းခြုံမှုပိုမိုကောင်းမွန်ရန်နှင့် နိုင်ငံအသီးသီးမှ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ပိုမိုတိုးတက်စေရန် အကောင်အထည်ဖော်မည့်လုပ်ငန်းများ၊ ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်မှ ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်သို့ ပြောင်းလဲလာသော နိုင်ငံများ၏ ကာကွယ်ဆေးထိုးလုပ်ငန်း ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရန်လုပ်ငန်းများ၊ ကာကွယ်ဆေးအသစ်များ ထည့်သွင်းထိုးနှံရေးကိစ္စများနှင့် ၂၀၁၅ ခုနှစ်အလွန်တွင် ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ကမ္ဘာ့ကာကွယ်ဆေးနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာအဖွဲ့ (Global Alliance for Vaccine and Immunization) အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆီးဂိမ်းအကြို ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲတွင် အင်ဒိုနီးရှား ဗိုလ်စွဲ ထိုင်းအသင်း ဒုတိယရပြီး မြန်မာ ကြေးတစ်ခုဖြင့်ကျေနပ်ရ

**သတင်း-လေဒီ ➢ ဓာတ်ပုံ - ကိုကိုစိုးညွန့်**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသော ၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲအကြိုဖိတ်ခေါ် စက်ဘီးပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို မတ် ၂၈ ရက်တွင် Mount Pleasant စက်ဘီးကွင်း၌ ဆက်လက်ကျင်းပရာ **(အပေါ်ပုံ)** ပြိုင်ပွဲအပြီးတွင် အင်ဒိုနီးရှားအသင်းက ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် တစ်ခုဖြင့် ဗိုလ်စွဲကာ ထိုင်းအသင်းက ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်သုံးခုဖြင့် ဒုတိယရရှိသည်။ အိမ်ရှင်မြန်မာအသင်းမှာ ကြေးတံဆိပ်တစ်ခုဖြင့် ကျေနပ်နှစ်သိမ့်ခဲ့ရကြောင်း သိရသည်။

ရှေးဦးစွာ အမျိုးသမီး Down Hill ပြိုင်ပွဲကို ကျင်းပရာ အဆိုပါပြိုင်ပွဲသို့ မြန်မာမှပြိုင်ပွဲဝင်သုံးဦး၊ ထိုင်းမှ ပြိုင်ပွဲဝင်နှစ်ဦး မလေးရှားနှင့် အင်ဒိုနီးရှားတို့မှ ပြိုင်ပွဲဝင်တစ်ဦးစီဖြင့်စုစုပေါင်း ခုနစ်ဦးယှဉ်ပြိုင်ကြရာ ထိုင်းမှ ဝိပါဗီဒီကာဘောလ်က တစ်ကီလိုမီတာကို ၃၁ ဒသမ ၂၇ အမြန်နှုန်းစီးကာ ၂ မိနစ် ၅၂ စက္ကန့် ဒသမ ၇၀ (၂း၅၂ ဒသမ ၇၀) ဖြင့် ပထမ ရွှေတံဆိပ်ဆုကို ဆွတ်ခူးသည်။ အင်ဒိုနီးရှားနိုင်ငံမှ ရီစာဆူစန်တီက တစ်ကီလိုမီတာကို ၃၀ ဒသမ ၆၀ အမြန်နှုန်းစီးကာ ၂ မိနစ် ၅၆ စက္ကန့် ဒသမ ၄၈ (၂း၅၆ ဒသမ ၄၈) ဖြင့် ဒုတိယငွေတံဆိပ်ဆုကို ဆွတ်ခူးသည်။ ထိုင်းမှ ဆက်တာဗာနွမ်အဘ်ဒူလ်ကာရီက တစ်ကီလိုမီတာကို ၂၉ ဒသမ ၇၈ အမြန်နှုန်းစီးကာ ၃ မိနစ် ၀၁ စက္ကန့် ဒသမ ၃၅ (၃း၀၁ ဒသမ ၃၅) ဖြင့် တတိယ ကြေးတံဆိပ်ဆုကို ဆွတ်ခူးသည်။

မြန်မာစက်ဘီးမယ်များဖြစ်သည့် သူဇာ၊ နှင်းအိနိုင်နှင့် အေးမြတ်သန္တာခိုင်တို့မှာ ၃ မိနစ်နှင့် စက္ကန့် ၄၀ ကျော် စံချိန်များဖြင့် အဆင့် ၅ မှ အဆင့် ၇ အတွင်း ရပ်တည်ခဲ့ကြသည်။

ထို့နောက် Down Hill အမျိုးသား ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာမှ ငါးဦး၊ စင်ကာပူမှ သုံးဦး၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့မှ နှစ်ဦးစီနှင့် ထိုင်းမှ တစ်ဦး စုစုပေါင်း ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ ထိုင်းမှ သာနာဖွန်ဂျာရူပင်က တစ်ကီလိုမီတာကို ၃၄ ဒသမ ၉၆ အမြန်နှုန်း စီးကာ ၂ မိနစ် ၃၄ စက္ကန့် ဒသမ ၄၅၀ (၂း၃၄ ဒသမ ၄၅၀)ဖြင့် ပထမရသည်။ အင်ဒိုနီးရှားမှ ဟီလ်ဒန်အက်စ်ဖော်စမာကာတာနာ က တစ်ကီလိုမီတာကို ၃၄ ဒသမ ၅၉ အမြန်နှုန်းစီးကာ ၂ မိနစ် ၃၆ စက္ကန့် ဒသမ ၁၃၅ ( ၂း၃၆ ဒသမ ၁၃၅)ဖြင့် ဒုတိယရရှိပြီး စင်ကာပူမှ တန်ဟောင်ချန်က တစ်ကီလိုမီတာကို ၃၄ ဒသမ ၄၆ အမြန်နှုန်းစီးကာ ၂ မိနစ် ၃၆ စက္ကန့် ဒသမ ၇၀၀ (၂း၃၆ ဒသမ ၇၀၀)ဖြင့် တတိယရရှိသည်။

မြန်မာစက်ဘီးကစားသမား ငါးဦးအနက် ထက်မြတ်အောင်မှာ အဆင့် ၅ ၌ ရပ်တည်ခဲ့ပြီးနောက် ကျန်လေးဦးမှာ အဆင့် ၉ မှ ၁၂ အတွင်း ရပ်တည်ခဲ့ကြသည်။ Down Hill အမျိုးသား အမျိုးသမီးပြိုင်ပွဲ နှစ်ရပ်လုံး ၁ ဒသမ ၅ ကီလိုမီတာခရီးပြိုင်ပွဲဖြစ်သည်။

ညနေ ၃ နာရီတွင် အမျိုးသား အမျိုးသမီး BMX ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီး BMX ပြိုင်ပွဲတွင် ထိုင်းမှ နီချာပရာဆိုစရိက ၃၉ ဒသမ ၄၉၆ စက္ကန့်ဖြင့် ပထမရရှိသည်။ အင်ဒိုနီးရှားမှ ဆပ်ဝန်တီက ၄၀ ဒသမ ၁၃၆ စက္ကန့်ဖြင့် ဒုတိယရရှိပြီး အင်ဒိုနီးရှားမှ ရီနာပူရာမာနာစာရီ က ၄၀ ဒသမ ၆၆၆ စက္ကန့်ဖြင့် တတိယရရှိသည်။ ယခုပြိုင်ပွဲသို့ ကစားသမားရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာမှ သုံးဦး၊ အင်ဒိုနီးရှားနှင့် ထိုင်းမှ နှစ်ဦးစီနှင့် စင်ကာပူမှ တစ်ဦး ပါဝင်သည်။

ထို့နောက် အမျိုးသား BMX ပြိုင်ပွဲကို ကျင်းပရာ အင်ဒိုနီးရှားမှ ဂတ်စ်တီဘာဂူးစ်က ၃၆ ဒသမ ၂၆၁ စက္ကန့်ဖြင့် ပထမ၊ ထိုင်းမှ နာရွှန်ကလင်းဆူရယ်လ်က ၃၆ ဒသမ ၃၄၆ စက္ကန့်ဖြင့် ဒုတိယ၊ ထိုင်းမှ ပန်ယာပူးလ်ဆွမ်ကလာက ၃၉ ဒသမ ၂၇၂ စက္ကန့်ဖြင့် တတိယရရှိသည်။ ယခုအမျိုးသား BMX ပြိုင်ပွဲသို့ ကစားသမား ရှစ်ဦး ယှဉ်ပြိုင်ကြရာ အင်ဒိုနီးရှားနှင့် ထိုင်းတို့မှ သုံးဦးစီ၊ မြန်မာနှင့် မလေးရှားတို့မှ တစ်ဦးစီပါဝင်ခဲ့ကြသည်။

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# HIV/AIDS ဆိုင်ရာ အသိပညာပေးဟောပြောပွဲ သံဖြူဇရပ်မြို့နယ်၌ ကျင်းပ

**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)က ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးနှင့်ဘေးထွက်ဆိုးကျိုးများဖြစ်စေသည့် HIV/AIDS ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ် ၁၅ ရက်တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကွမ်သတ်ကျေးရွာ ကျောင်းသစ်ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) အမှုဆောင်များ၊ မွန်ပြည်နယ် အမှုဆောင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၈၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) မှ ဒေါက်တာမောင်မောင်လွင်က စိတ်ပညာရပ်နှင့် မူးယစ်ဆေးဝါးဆက်နွှယ်မှု၊ ဘေးထွက်ဆိုးကျိုးများအကြောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်စိုးက မူးယစ်ဆေးဝါးအမှုများဖြင့် ထောင်ကျခံရပြီး မိသားစုဆိုးကျိုးပြဿနာများအကြောင်းနှင့် ပြည်နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းအတွင်းရေးမှူး ဦးရဲနောင်ထွန်းက မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ပညာပေးဟောပြောခဲ့ကြသည်။

**(သတင်းစဉ်)**





# မိတ္ထီလာခရိုင်ရှိ ပြည်သူများအတွက် အလှူငွေများပေးအပ်

**နေပြည်တော် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ ဒုက္ခသည်ပြည်သူများအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန(ရုံးချုပ်)သို့ လာရောက်လှူဒါန်းလျက်ရှိရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ငွေကျပ်သိန်း ၃၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ညနေ ၄ နာရီခွဲတွင် လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မင်းလှ၊ မိုးညိုနှင့် လက်ပံတန်းမြို့နယ်တို့၌ ဆူပူအကြမ်းဖက်မှုများဖြစ်ပွား နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့၌ ယနေ့ နံနက်ပိုင်းတွင် ဆူပူလိုသူများက လိုက်ထရပ်မော်တော်ယာဉ် တစ်စီးအား မီးရှို့ဖျက်ဆီးခြင်း၊ လူနေအိမ်အချို့အား ဝင်ရောက်ဖျက်ဆီးခြင်း၊ ဈေးဆိုင်အချို့အား ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်ပစ်ဖောက်၍ လူစုခွဲခဲ့ရကြောင်း၊ မင်းလှမြို့၌ လုံခြုံရေးတပ်ဖွဲ့အင်အားတိုးချထားပြီး ပြည်သူများနှင့်အတူ တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ မိုးညိုမြို့၌ ယနေ့ မွန်းလွဲပိုင်းတွင် လူအုပ်စုများက လူနေအိမ်နှစ်လုံးနှင့် ဘာသာရေးအဆောက်အအုံ တစ်လုံးတို့အား ဖျက်ဆီးခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်း သိရသည်။

ထို့အတူ လက်ပံတန်းမြို့၌လည်း ယနေ့တွင် လူအုပ်စုများက ဆူပူအကြမ်းဖက်မှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ဆူပူအကြမ်းဖက်မှုတွင် သံသယရှိသူနှစ်ဦးအား ရဲတပ်ဖွဲ့က ခေါ်ယူထိန်းသိမ်း စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိတ္ထီလာမြို့ပေါ်၌ ဈေးရောင်း၊ ဈေးဝယ်သူများဖြင့် သက်ဝင်လှုပ်ရှား အပျက်အစီးနှင့် အမှိုက်များရှင်းလင်း၍ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မတ် ၂၈**

မကြာမီရက်ပိုင်းအတွင်းက ဆူပူအကြမ်းဖက်မှု ဖြစ်ပွားခဲ့သော မိတ္ထီလာမြို့တွင် ယခုအခါ အခြေအနေများ တည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ ပြည်သူများသွားလာလှုပ်ရှားမှု ပုံမှန်အတိုင်းပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

ယနေ့သည် ရုံးဖွင့်ရက်ဖြစ်သည်နှင့်အညီ မိတ္ထီလာမြို့ပေါ်၌ ဖွင့်လှစ်ထားသည့် မြန်မာ့စီးပွားရေးဘဏ်၊ ကမ္ဘောဇဘဏ်နှင့်အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်(AGD Bank)တို့တွင် ငွေသွင်း၊ ငွေထုတ်သူများဖြင့် လှုပ်ရှားသက်ဝင်လျက်ရှိသည်။

ထို့ပြင် မြို့မဈေးကြီး အနီးပတ်ဝန်းကျင်ရှိ ပွဲရုံတန်းတွင် ဈေးရောင်း၊ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိပြီး မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများလည်း ဥဒဟိုသွားလာလျက်ရှိကြသည်။

ယနေ့နံနက်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ကျဝန်ထမ်းများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင်များ ပူးပေါင်း၍ မီးလောင်ပျက်စီးသွားသော နေအိမ်အဆောက် အအုံများနှင့် လမ်းများပေါ်ရှိ အမှိုက်သရိုက်များကို ရှင်းလင်းလျက်ရှိသည်ကို တွေ့ရှိရသည်။(အောက်ပုံ)**(သတင်းစဉ်)**



# မိတ္ထီလာမြို့၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် မတ် ၂၈**

မိတ္ထီလာမြို့သည် ယခုအခါ လုံခြုံရေးတာဝန်ကျသူများ၊ တပ်မတော်သားများနှင့် တာဝန်သိပြည်သူများ၏ နေ့/ည လုံခြုံရေးဆောင်ရွက်မှုကြောင့် ဒေသခံပြည်သူများ စိုးရိမ်ကြောင့်ကြမှု မရှိတော့ဘဲ ၎င်းတို့၏နေ့စဉ်လုပ်ငန်းဆောင်တာများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြသည်။

မိတ္ထီလာမြို့ပေါ်တွင် ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက ဆက်သွယ်ရေးဝန်ထမ်းရိပ်သာ၌ ဖွင့်လှစ်ထားသည့် အလှူငွေနှင့်ပစ္စည်းလက်ခံဌာနသို့ လာရောက်လှူဒါန်းလျက်ရှိကြရာ မတ် ၂၈ ရက်တွင် အလှူငွေ လှူဒါန်းမှုအရ ရန်ကုန်မြို့မှ ဒေါ်ညွန့်ညွန့်တင် မိသားစုက ငွေကျပ် ၅၀၀၀၀၊ သာကီနွယ် လူမှုအကျိုးဆောင်အဖွဲ့(မိတ္ထီလာ)က ငွေကျပ်တစ်သိန်း၊ ဘိုမြင့်သူစိုက်ပျိုးရောင်းဝယ်ရေးကုမ္ပဏီက ငွေကျပ် သုံးသိန်း၊ ဒေါက်တာငြိမ်းအေး-ဒေါ်အေးမြင့်မိသားစုက ငွေကျပ်နှစ်သိန်း၊ သုဓမ္မသီဂီ ဒေါ်ဥမ္မာလွင်က ငွေကျပ် ၁၅ သိန်းနှင့် ဝမ်းတွင်းမြို့နေ ဦးမျိုးသန့်၊ ဒေါ်နွယ်နီ (ထီလာမောင်သုံးဘီးအသင်း)က ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြပြီး Save the Children Family Kit ခုနစ်ခု၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက စောင် ၂၆၄ ထည်၊ ခြင်ထောင် ၂၆၄ လုံး၊ Family Kit ၂၆၄ ခု၊ ပရီးမီးယားကော်ဖီမစ်က ကော်ဖီမစ် ၇၁၇၀၁ ထုပ်၊ သုဓမ္မသီဂီဒေါ်ဥမ္မာလွင်က ရေသန့် ၁၁၄၀၀ ဘူး၊ ကော်ဖီမစ်အထုပ် ၁၅၀၀၊ အဝတ်အထည်မျိုးစုံ ၃၀၀၀၊ စောင်အထည် ၁၀၀၀၊ ငါးသေတ္တာဘူး ၁၀၀၀ နှင့် ခြင်ထောင်အလုံး ၁၀၀၀၊ ဦးအောင်မြင့်နှင့်အဖွဲ့က ခေါက်ဆွဲခြောက်ထုပ် ၉၀၀၊ အချိုရည် ၂၁၆ ပုလင်း၊ ဆီပိဿာ ၂၀ တို့ဖြစ်ကြောင်း သိရသည်။

စေတနာရှင်ပြည်သူများသည် အလှူငွေနှင့် ပစ္စည်းများလာရောက်လှူဒါန်းလျက်ရှိသကဲ့သို့ ကယ်ဆယ်ရေးစခန်းများနှင့် ဘုန်းတော်ကြီးကျောင်းတိုက်များသို့လည်း ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ ဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရှိရသည်။

ယနေ့အထိ စေတနာရှင် ပြည်သူများ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၈၇၃၉၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် ပင်စင်လစာထုတ်ယူကြသော အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်

**နေပြည်တော် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် မိတ္ထီလာမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ရောက်ရှိပြီး ဘဏ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဘဏ်မန်နေဂျာက မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်းပင်စင်လစာအား စမတ်ကတ်ဖြင့် လွယ်ကူစွာထုတ်ပေးနေမှုကို ရှင်းလင်းပြသသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပင်စင်လစာလာရောက်ထုတ်ယူနေကြသည့် အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီးစမတ်ကတ်ဖြင့် ပင်စင်လစာငွေထုတ်ယူမှုနှင့် ပတ်သက်၍ အဆင်ပြေမှုရှိ၊ မရှိ မေးမြန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မိတ္ထီလာမြို့ရှိ ကမ္ဘောဇဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုးယံမှကြယ်ပြည်သူ့အကျိုးပြုခရီးစဉ်လိုက်ပါမည့် လူငယ်အဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၈**

မိုးယံမှကြယ်ပြည်သူ့အကျိုးပြုခရီးစဉ်(၄)သို့ လိုက်ပါမည့် လူငယ်အဖွဲ့များအား အောင်နိုင်ရေးအလံလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၂၃ ရက် နံနက် ၉ နာရီခွဲတွင် မြစ်ကြီးနားမြို့လေဆိပ်ဧည့်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အမှာစကားပြောကြားကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က လူငယ်အဖွဲ့အား အောင်နိုင်ရေးအလံလွှဲပြောင်းပေးအပ်ကာ အလှူရှင်များက အလှူငွေများပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့သည် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားကြသည်။

ယင်းနောက် ပူတာအိုမြို့ ဟိုခိုရပ်ကွက် ဟိုခိုတံတားတည်ဆောက်ပြီးစီးမှုနှင့် ရပ်ကွက်ရေတိုက်စားမှုမဖြစ်စေရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မတ် ၂၄ ရက် နံနက် ၉ နာရီခွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့သည် မလိခတံတားဆောက်လုပ်မည့်နေရာနှင့် မချမ်းဘောမြို့ ဂူဘားဧည့်ရိပ်သာပြုပြင်နေမှုကိုကြည့်ရှုပြီး ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြသည်။

ထို့နောက် ဆင်ဟွမ်ဒမ်းကျေးရွာ၌ မိုးယံမှ ကြယ်ခရီးစဉ်နှင့် လိုက်ပါလာသော ဆရာဝန်ကြီးများက မျက်စိ/သွားနှင့် အထွေထွေရောဂါအခမဲ့စမ်းသပ်ကုသနေမှုကို ကြည့်ရှုအားပေးကြပြီး ဆင်ဟွမ်ဒမ်းကျေးရွာနှင့် ထရန်ဒမ်းကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန် ထောက်ပံ့ငွေများ၊ ဆင်ဟွမ်ဒမ်း၊ ထရန်ဒမ်းနှင့် မန်နို ကျေးရွာများအတွက် Sky Net တစ်စုံစီနှင့် နမ်အဟွမ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် စာရေးခုံများအား ထောက်ပံ့ပေးအပ်ကြသည်။

မတ် ၂၅ ရက်တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့သည် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် အေဂျီသာသနာ(၁)၌ မြို့ပေါ်ရှိ ခရစ်ယာန်အသင်းတော်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး အသင်းတော် ၁၉ သင်းအတွက် ဆန်အိတ်များနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျုံဒိုးမြို့အတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် လှည့်ကင်းများဆောင်ရွက်

**ကျုံဒိုး မတ် ၂၈**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့တွင် မတ် ၂၇ ရက်က တည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံတပ်ရင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ကျုံဒိုးမြို့ပေါ်လေးရပ်ကွက်အတွင်းရှိ ကျောင်းများ၊ လူစည်ကားရာနေရာများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့တွင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ လမ်းလျှောက်၍ လည်းကောင်း လှည့်ကင်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)** **နိုင်နိုင်ထွန်း(ကျုံဒိုး)**

စက်ရုံလုပ်ငန်း
ပြည့်ဝန်ထမ်း
မြဲတမ်း
မီးသတိပြု

# ကောလာဟလ မယုံရ

ဦးကြိုင်မြင့်(ဆူးလေ)

ကောလာဟလဟုဆိုလျှင် အများသိကြပြီးဖြစ်၏။ ကောလာဟလ၏ဒဏ်ကို မြန်မာပြည်သူ ပြည်သားတို့ ခံစားခဲ့ရပြီးဖြစ်၏။"ကောလာဟလ"၏ အနက်အဓိပ္ပာယ်မှာ မြန်မာအဘိဓာန်တွင် "အခြေအမြစ်မရှိသော သတင်း" "ကြိုတင်ကြွေးကြော်ခြင်း"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ကောလာဟလကို နှစ်မျိုးခွဲခြားနိုင်၏။ ကောင်းခြင်းလက္ခဏာကို ဖြစ်ထွန်းစေသည့် ကောလာဟလနှင့် မကောင်းသည့် လက္ခဏာ၊ မကောင်းသည့်ဆိုးကျိုးကို ပေးနိုင်သည့် ကောလာဟလဟူ၍ ခွဲခြားနိုင်၏။

ကောင်းကျိုးကိုဖြစ်ထွန်းစေသည့် ကောလာဟလသည် ယခုခေတ်မှမဟုတ် ဘုရားရှင်လက်ထက်တော် မတိုင်မီကပင် နတ်ပြည်၌ ဖြစ်ပေါ်ခဲ့ကြောင်း (ခုဒက၊ ၅။ ၁၀၁။) (သုတ္တနိ၊ ၅။ ၂။ ၃။) တို့တွင် အောက်ပါအတိုင်း ဖော်ပြထား၏။

- ❖ **ကပ္ပကောလာဟလ**= ကမ္ဘာပျက်မည့်အကြောင်း နှစ်ပေါင်းတစ်သိန်းကြိုတင်၍ ဖြစ်ပေါ်လေ့ရှိသော ကောလာဟလ။
- ❖ **စက္ကဝတ္တိ ကောလာဟလ**= စကြာမင်းလောင်းဖြစ်ပေါ်မည့်အကြောင်း နှစ်ပေါင်းတစ်ရာ ဖြစ်ပေါ်လေ့ရှိသော ကောလာဟလ။
- ❖ **ဗုဒ္ဓကောလာဟလ**= သဗ္ဗညုဘုရားရှင် ပွင့်တော်မူမည့်အကြောင်း နှစ်ပေါင်းတစ်ထောင် ကြိုတင်ဖြစ်ပေါ်လေ့ရှိသော ကောလာဟလ။
- ❖ **မင်္ဂလာကောလာဟလ**= ဘုရားရှင် မင်္ဂလာတရားတော်ဟောကြားမည့်အကြောင်း တစ်ဆယ့်နှစ်နှစ် ကြိုတင်ဖြစ်ပေါ်လေ့ရှိသော ကောလာဟလ။
- ❖ **မောနယျကောလာဟလ**= ရဟန်းတစ်ပါးက ဘုရားရှင်အား မောနေယျအကျင့်အကြောင်းကို မေးမြန်းလျှောက်ထားလိမ့်မည်ဟု ခုနစ်နှစ်ကြိုတင်ဖြစ်ပေါ်လေ့ရှိသော ကောလာဟလတို့ဖြစ်၏။

မြန်မာလူမျိုးတို့တွင် **"အတိတ်"၊ "တပေါင်"** စသည်တို့လည်းရှိ၏။ မိမိတို့ ဘိုးစဉ်ဘောင်ဆက် ရှေးမြန်မာမင်းများလက်ထက်ကပင်၊ အတိတ်၊ တပေါင်များ ပေါ်ထွန်းခဲ့၏။ ကောင်းသည့် အတိတ်၊တပေါင်များ၊ ဆိုးကျိုးကိုပေးမည့် မကောင်းသည့် အတိတ်၊ တပေါင်များ အမျိုးမျိုးပေါ်ခဲ့၏။ မြန်မာရာဇဝင်တွင် "ငါ့စကောတပ်ကြီး ချီလာပြီ" ဟူသော ကောလာဟလဖြင့် တိုင်းပြည်ပျက်ခဲ့ရ၏။ မကောင်းသည့် အနိဋ္ဌာရုံများသည် သင်ခန်းစာယူဖွယ် ဖြစ်ပါ၏။ ရင်ထဲနှလုံးသားထဲတွင် စွဲမြဲစွာမှတ်ယူထားသင့်၏။

ယခု "ကောလာဟလ"ဆိုသည်မှာ မကောင်းသည့် အနိဋ္ဌာရုံများ၊ ဆိုးကျိုးကိုဖြစ်ထွန်းစေမည့် ကောလာဟလများသာဖြစ်၏။ မိမိတို့ဘဝတစ်လျှောက်တွင် ကောလာဟလဒဏ်ကို ပြည်သူများအလူးအလဲ ခံစားခဲ့ကြရဖူးမည်ဖြစ်၏။ ယနေ့တိုင်လည်း ဤဆိုးကျိုး၏ဒဏ်ကို ခံနေရဆဲဆိုလျှင် မှားမည်မထင်ပါ။ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် မြို့ထဲရွာထဲမှာ ဟိုနေရာတိုးတိုး၊ ဒီနေရာတိုးတိုးဖြင့် ပါးစပ်သတင်းဖြင့် ကောလာဟလများ ဖြစ်ပွားတိုင်း ဖြစ်ပွားတိုင်း ပြည်သူတွေ ချောက်ချားကာ အိမ်ရှင်မများ စားသောက်ကုန်ပစ္စည်းများကို ဝယ်ယူကြ၏။ သိုမှီးကြ၏။ ဘယ်လိုမှ နားချ၍မရ။ နောက်ဆုံးကုန်ဈေးနှုန်းတွေ ခုန်ပျံတက်သွားသည်သာ အမြတ်ထွက်ခဲ့၏။ ဘနဖူးသိုက်တူးသူများ ဝင်ငွေတိုးသွား၏။ ခံရသည်က ပြည်သူသာ ဖြစ်၏။

ဤအကြောင်းခြင်းရာတို့ကို အသက်အရွယ်ရသူများ သိနိုင်သော်လည်း ငယ်သူများကတော့ မသိနိုင်။

တက်သွားသည့် ကုန်ဈေးနှုန်းကလည်း မည်သည့်အခါမျှ ပြန်ကျသည်မရှိ။ ကုန်ဈေးနှုန်းကြောင့် ပြည်သူတွေ များစွာဒုက္ခရောက်ခဲ့ကြရ၏။ ထို့ကြောင့် "ကောလာဟလ"ကို မယုံကြည်ကြဖို့၊ လွယ်လွယ်နှင့် လက်မခံမိဖို့ လိုပါသည်။ အရာရာကို ဝေဖန်စဉ်းစား၍ မိမိအသိဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာပြီးမှ ယုံကြည်သင့်၏။ ကောလာဟလသတင်းကို အဟုတ်မှတ်၍ မိမိက မိမိနီးစပ်သူကိုပြော၊ နီးစပ်သူက နောက်တစ်ဦး၊ နောက်တစ်ဦး-----နောက်ဆုံး ရပ်ကွက်ထဲ၊ မြို့နယ်ထဲ၊ မြို့ထဲ၊ ရွာထဲ တစ်တိုင်းတစ်ပြည်လုံး ပျံ့သွားတတ်၏။ ယခုခေတ်က နည်းပညာခေတ်ဖြစ်၍ ဆက်သွယ်ရေးကောင်းလှ၏။ ဤသည်ကို မျက်မှောက်အခြေအနေများက သက်သေပြလျက်ရှိ၏။ မိမိတို့ ကိုယ်တိုင်က မဝေခွဲ မဆန်းစစ်ဘဲ ပြောလိုက်သည့်စကားသည် မိမိကိုယ်တိုင်က ကောလာဟလကို ဖြန့်ချိသူဖြစ်မှန်းမသိ ဖြစ်သွားရသည့် သာဓကများကို နဖူးတွေ့ဒူးတွေ့ တွေ့ခဲ့ကြရ၏။ ဆန်းစစ်သင့်ပါ၏။ သင်ခန်းစာယူသင့်ပါ၏။

မိမိတို့နိုင်ငံသည် ခေတ်ပြောင်း စနစ်ပြောင်းချိန်ဖြစ်၏။ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းခါစအခါသမယတွင် ကောလာဟလအန္တရာယ်ကို သတိပြုဖို့လို၏။ ပြည်သူများ သတိထားမှ တော်ကာကျမည်ဖြစ်၏။ သို့မဟုတ်ပါက အဖျက်သမား၏ လှည့်ကွက်တွင် လည်စင်းခံရမည့် အဖြစ်မျိုးနှင့် ကြုံရနိုင်၏။

ကောလာဟလသည် မြန်မာ့သမိုင်းတွင် ကောင်းကျိုးထက် မကောင်းကျိုးကိုသာ ပေးခဲ့၏။ ကောလာဟလဆိုလျှင် မကောင်းသည့် အမြင်အတွေးဖြင့်သာ လက်ခံသတ်မှတ်ခဲ့ကြ၏။

ဤမည်သော မကောင်းဆိုးဝါး"ကောလာဟလ" ကို ပြည်သူတို့ သတိတရားဖြင့် ရှောင်ရှားနိုင်ရမည်။ သို့မှသာ မိမိတိုင်းပြည် အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်မှုကို ရနိုင်ပေလိမ့်မည်။ သို့မဟုတ်ပါက တိုးတက်မှု အရှိန်အဟုန်ကို အနှောင့်အယှက်အဟန့်အတားသဖွယ် ဖြစ်နိုင်ပါ၏။ သို့ဖြစ်၍ မိဘပြည်သူများ "ကောလာဟလ" ကို မယုံကြည်ကြဖို့၊ လက်မခံကြဖို့ အကြောင်းအရာပေါ်မှာ ခြေခြေမြစ်မြစ် လေ့လာဆန်းစစ်ဝေဖန်သော အသိဖြင့် လက်ခံကြဖို့ လိုအပ်ပါကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းရပါ၏။ ။

## သန်လျင်၌ ဝင်ငွေခွန်ဝေစု လွှဲပြောင်းပေးအပ်

**သန်လျင် မတ် ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အခွန်ဦးစီးဌာန၏ ဝင်ငွေခွန်ဝေစု ငွေလွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၁ ရက်က မြို့နယ်စည်ပင်ရုံးခန်းမ၌ ကျင်းပရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေခွန်ဝေစု ကျပ် ၁၂၈ သိန်းကျော်ကို မြို့နယ်အခွန်ဦးစီးမှူး ဦးမောင်မောင်သိန်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းက လက်ခံရယူကြောင်းသိရသည်။ **သန်းဝင်း(သန်လျင်)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၉-၃-၂၀၁၃ (သောကြာနေ့)**

| | |
|---|---|
| ၇း၁၅ | ဓမ္မပူဇာတေး |
| ၄း၂၇ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၅း၂၀ | လည်မယ်. . စားမယ်ကမ္ဘာ တစ်ခွင်ဝယ် |
| ၆း၁၀ | "ရွာ" ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၉၂) -ရင်ကွဲပက်လက် (ကျော်ဇေသော်၊ လွင်ဘုန်းအောင်၊ ထက်နဒီ၊ ခိုင်မာဗိုနှင့်သရုပ်ဆောင်များ)(ဒါရိုက်တာ-မိုးဇော်ကို) |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့် တို့မနက်ဖြန် (အပိုင်း-၁၈) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -သံစဉ်များနှင့်ကမ္ဘာ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဆွဲအားပြင်းတဲ့ချစ်ခြင်း (အပိုင်း-၁၉) -မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဂုဏ်ရည်မတူ (အပိုင်း-၈၀) |



## ပြည်တွင်းရေးရာ

# စိတ်ပြောင်းကြပါ

ဦးရှိန်
(ဘဏ်ဥပဒေအကြံပေး)

ယခုအချိန်ကာလသည် ယခင်စနစ်ဟောင်းမှ ပြည်သူများ လိုလားတောင့်တနေကြသော စည်းကမ်းပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီစနစ်သစ်ကို ဦးတည်အကောင်အထည်ဖော်နေသော ကာလဖြစ်ပါသည်။ ယင်းဒီမိုကရေစီစနစ်အား ပေါ်ပေါက်လာစေရန် ဖော်ဆောင်ပေးနေကြသည်မှာ ခေတ်နှင့်လိုက်လျောညီထွေဖြစ်ရအောင် ဆောင်ရွက်ပေးနေသည်ကို ပြည်သူများလည်းမြင်တွေ့နေမည်ဖြစ်ပြီး ထင်သာမြင်သာမှုများရှိနေသည်မှာ ငြင်းနိုင်မည်မဟုတ်ကြပါ။ သို့ပါသော်လည်း ယင်းဒီမိုကရေစီ စနစ်ကြီးအား လျှင်မြန်သောအရှိန်အဟုန်ဖြင့် ပြောင်းလဲလာရန်မှာ အစိုးရတစ်ခုတည်းက ဆောင်ရွက်၍မရနိုင်သည်ကိုအားလုံး နားလည်သဘောပေါက်ကြစေလိုပါသည်။ အဓိကအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်မှာ ပြည်သူလူထုတစ်ရပ်လုံးက အဓိကကျပါသည်။ မှန်ကန်သော အတွေးအခေါ် အယူအဆ စိတ်ဓာတ်များပြည်သူလူထုတစ်ရပ်လုံးက ပြောင်းလဲရန်လိုအပ်ပါ သည်။

ယခုလို ခေတ်ပြောင်းတိုင်းတွေ့ကြုံရနိုင်သော အခက်အခဲများအား မည်ကဲ့သို့ ကျော်လွှားဆောင်ရွက်သွားရမည်ကို ပြည်သူများမှ သိရှိနားလည်ကြစေရန် ၁၉၄၇ ခုနှစ် ဧပြီလက နတ်မောက်မြို့ ဒီပက်ရာကျောင်းဝင်းအတွင်း ကျင်းပသော လူထုအစည်းအဝေးတွင် ပြောကြားခဲ့သော မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းမှ အချို့ကို ဖော်ပြရပါလျှင် "ကမ္ဘာ့ရာဇဝင်ကိုကြည့်လျှင် ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် အနည်ထစမြဲပဲ၊ သဘောတရားကို နားလည်ရင် ခင်ဗျားတို့ဒီလိုနေမှာမဟုတ်ဘူး။ ခေတ်ကြီးတစ်ခေတ်လုံး လုံးလုံးလျားလျား ပြောင်းနေတာကို ဘယ်သူမှမသိဘူး။ အနိစ္စ၊ ဒုက္ခတွေ သဘောမပေါက်သေးဘူး။ အစိုးရဆိုတာလူပဲ။ လူတွေဖြစ်နေတော့ မကျေနပ်ချက်တွေတော့ ရှိမှာပဲ။ အစိုးရအရာရှိ ဘက်ကနေ မကြည့်ဘဲနဲ့ ပြည်သူ့ဘက်ကနေကြည့်မယ်ဆိုရင် အများကြီးပြောစရာတွေရှိတာပဲ။

အခုခေတ်မှာ ဘုရင်ခံတောင်မှ ဇွတ်အတင်းမလုပ်နိုင်ဘူး။ အားလုံးအတွက် စီမံကိန်းဆွဲပြီးလုပ်လာခဲ့ပြီး ခင်ဗျားတို့ လည်းလုပ်ကြည့်ပါ။ ညီညွတ်လို့မရနိုင်ဘူးဆိုလျှင် အစိုးရတွေခေတ်ပြောင်းတိုင်း စိတ်ပြောင်းပါ။ စိတ်မပြောင်းဘဲနှင့် ကိုးရိုးကားရားလုပ်လျှင် ဘုရင်ခံလုပ်လျှင် ဘုရင်ခံတိုက်မယ်။ အောက်လူတွေလုပ်လျှင် ဖိနှိပ်ပေးမယ်။ လူထုဘက်ကနေကြည့် လျှင် တိုင်းပြည်လွတ်လပ်ပြီထားပါတော့၊ လူထုကိုယ်စားလှယ်တွေချည်း အုပ်ချုပ်လို့ရမယ်ထင်သလား။ နိုင်ငံရေးဘက်ကနေကြည့်လျှင် လူထုခေါင်းဆောင်လုပ်နေတဲ့လူတွေ ဘဝင်မြင့်နေတဲ့လူတွေ မြင့်နေတယ်။ မှားနေတာတွေလည်း ရှိတယ်"ဟု လမ်းညွှန်ပြောကြားသွားခဲ့ပါသည်။ ထို့ကြောင့်ခေတ်ပြောင်းတိုင်း အစိုးရအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကလည်း စိတ်ပြောင်းကြ၍ ဆောင်ရွက်ကြရန်လိုအပ်နေပါသည်။

သို့ပါ၍ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီခေတ်သို့ အရှိန်အဟုန်ဖြင့် ပြောင်းလဲလာရန်မှာ စိတ်ပြောင်းကြပါဟု ဗိုလ်ချုပ်က ပြောကြားခဲ့ဖူးသည့်စကားကို ပြန်လည်ဖောက်သည်ချလိုက်ပါသည်။ ။

# ချောင်းသာကမ်းခြေ အပန်းဖြေသူများဖြင့် စည်ကား



သတင်းနှင့်ဓာတ်ပုံ- ခရမ်းစိုးမြင့်

**ရန်ကုန် မတ် ၂၈**

ပူပြင်းသော နွေရာသီသို့ ရောက်ရှိလာပြီဖြစ်၍ အေးရိပ်ကို ရှာလိုသောသူများသည် ယခုအခါ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများသို့ သွားရောက် အပန်းဖြေလျက်ရှိကြသဖြင့် ငွေဆောင်နှင့် ချောင်းသာတို့တွင် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိနေသည်။

အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည့် ပုသိမ်မြို့မှ မိုင် ၃၀ ကျော်သာဝေးပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် ချောင်းသာကမ်းခြေတွင် မတ် ၂၆ နှင့် ၂၇ ရက် ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ချောင်းသာကမ်းခြေတွင် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့ တွေ့ခဲ့ရသည်။

# ဘားအံမြို့နယ်ရဲတပ်ရင်းတွင် ပါဝင်သော တောင်သူတို့၏ လယ်မြေ၊ ခြံမြေများအတွက် နစ်နာကြေးပေး

**ဘားအံ မတ် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှ္ဘာကာကျေးရွာအုပ်စု၊ အမှတ်(၂၂)ရဲတပ်ရင်း တည်ဆောက်ရေးတွင် ပါဝင်သွားသော ဒေသခံတောင်သူ ၁၃ ဦး၏ လယ်မြေ၊ ခြံမြေများအတွက် နစ်နာကြေးပေးလျော်ခြင်းကို မတ် ၂၃ ရက် နံနက်က ရဲတပ်ရင်း ရှင်းလင်းဆောင်ခန်းမ၌ အခမ်းအနားဖြင့် ကျင်းပပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားအား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်နိုင်က လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် နစ်နာသူ တောင်သူလယ်သမားများအား တိတိကျကျမှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုမှာ တောင်သူများအသိပင်ဖြစ်ကြောင်း၊ မတ် ၆ ရက်က ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ဒေသခံတောင်သူ ၁၃ ဦးနှင့် ပြည်နယ်တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးသော အကဲဖြတ်အဖွဲ့တို့မှ လယ်တစ်ဧကကျပ် ခြောက်သိန်း၊ ခြံတစ်ဧက ကျပ်ရှစ်သိန်းနှုန်းဖြင့် တောင်သူများ တောင်းဆိုမှုထက်ပိုပြီး လိုက်လျောဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ တာဝန်ရှိသူများက အဆင့်ဆင့်တင်ပြပြီး မတ် ၂၃ ရက်တွင် ရဲတပ်ရင်း(၂၂)တည်ဆောက်ရေး မြေဧက ၁၀၀ တွင် ပါဝင်သော တောင်သူ ၁၃ ဦး၏ လယ်မြေ ၅၄ ဒသမ ၀၈ ဧကနှင့် ခြံမြေ ၁၆ ဒသမ ၉၃ ဧက စုစုပေါင်း ၇၁ ဒသမ ၀၁ ဧကအတွက် နစ်နာကြေးငွေကျပ် ၄၅၉၉၂၀၀၀ အား တောင်သူများလက်တွင်းသို့ နိုင်ငံတော်ကိုယ်စား ပေးဆောင်ခွင့်ရသဖြင့် အထူးဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါကြောင်း ပြောကြားသွားသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေးအွာက အခုလိုဒေသခံများအတွက် နစ်နာကြေးပေးလျော်မှုရရှိခြင်းမှာ ပထမအကြိမ်ဖြစ်ကြောင်း၊ ပြည်နယ်ရဲမှူးကြီးများနှင့် ပြည်နယ်အစိုးရတာဝန်ရှိသူများကလည်း တစ်တပ်တစ်အားစေတနာရှေ့ထား ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် နစ်နာသူဒေသခံပြည်သူများထံ ထိုက်တန်သော ပေးလျော်ခြင်းဆောင်ရွက်မှုရလဒ်အပေါ် အလွန်အားရကျေနပ်မိပါကြောင်း ဆက်သွယ်ပြောကြားခဲ့သည်။

ထို့နောက် တောင်သူ ၁၃ ဦးအား ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတ်မှတ်ပေးထားသော ရန်ပုံငွေဖြင့် မြေလျော်ကြေးငွေပေးချေရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အပ်နှံပေးခဲ့သည်။

နစ်နာကြေးရရှိသော တောင်သူ ၁၃ ဦးကိုယ်စား တောင်သူအဘွားအိုတစ်ဦးကလည်း ယခုကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ၏ အရေးကို အလေးထားဖော်ဆောင်မှုများအပေါ် ကျေနပ်အားရမိပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရ၊ တာဝန်ရှိလူကြီးမင်းများ ကျန်းမာချမ်းသာပါစေကြောင်း၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့ကြောင်း ပြောကြားသွားသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Startic Electricity) တို့ဖြစ်ပေါ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မီးသတ်ဦးစီးဌာန)**























## ရောင်းမည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မွေးမြူရေးဇုန် (စက်မှုဇုန်-၅နှင့်ကပ်လျက်) (၁)ကေနီးပါးရှိ ဂရန်မြေ၊ ခြံစည်းရိုးခတ်ပြီး၊ ပေ(၁၂၀×၈၀) အဆောက်အအုံဆောက်ပြီး ရေ၊ မီးအစုံ လုပ်ငန်းလုပ်ရန် အသင့်နေရာကောင်း(ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းဈေးဖြင့်ရောင်းမည်။)

ဖုန်း-၀၉ ၇၃၀၈၈၉၂၅၊ ၀၉-၇၃၀၁၃၈၇၉

## ရတနာမဥ္ဇူစမ္မရိပ်သာ သင်္ကြန်သီးသန့်အထူးတရားစခန်းနှင့် ဒုလ္လဘရဟန်းခံသီလရှင်ဝတ်ပွဲ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း ၁ ရပ်ကွက်၊ ၂ လမ်း၊ ရတနာမဥ္ဇူစမ္မရိပ်သာတွင် လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ရှုနည်းဖြင့် လယ်တီကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ)နှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်းတို့က ဦးဆောင်၍ ၁၃၇၄ ခုနှစ် နှောင်းတန်ခူးလဆန်း ၂ ရက်၊ ၁၂-၄-၂၀၁၃ ရက်မှ ၁၃၇၅ ခုနှစ် ဦးတန်ခူးလဆန်း ၁၁ ရက်၊ ၂၀-၄-၂၀၁၃ ရက်အထိ သူတော်စင်ယောဂီများအား ဝိပဿနာရှုနည်း ပို့ချဟောကြားပြသမည်ဖြစ်ပါသည်။

တရားစခန်းဝင်လိုသူများသည် ၁၃၇၄ ခုနှစ်၊ တပေါင်းလကွယ်နေ့ ၁၀-၄-၂၀၁၃ ရက်၊ ညနေ ၄ နာရီ နောက်ဆုံးထား စာရင်းပေးသွင်းနိုင်သည်။ ယောဂီဦးရေကန့်သတ်ထားပါသည်။

ဆွမ်းလှူဒါန်းလိုသော စေတနာရှင် ကုသိုလ်ရှင်များသည် တစ်နေ့တာအာရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ရေခဲမုန့်၊ ညနေ အအေး စသည်တို့ကို မိမိတို့သဒ္ဓါရှိသမျှလှူဒါန်း စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရန် - ဖုန်း-၆၆၃၈၀၂၊ ၀၉-၅၁၉၇၀၂၇၊ ၀၉ ၄၉၂၄၅၇၉၉၊
၀၉ ၄၂၀၁၅၅၄၆၄



# အော်စကာဆုနှင့် လွဲခဲ့ရသော်လည်း ခြေလှမ်းသစ်များဖြင့် လျှောက်လှမ်းနေသည့် သရုပ်ဆောင် ဟက်ခ်ဂျက်မန်း

Les Miserables ဇာတ်ကားမှ သရုပ်ဆောင် ဟက်ခ်ဂျက်မန်းက ပြီးခဲ့သည့် (၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲ၌ အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုနှင့် လွဲခဲ့ရသော်လည်း ခြေလှမ်းသစ်အနေဖြင့် ပါရာမောင့် ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်မည့် Six Years အမည်ရှိ သည်းထိတ်ရင်ဖို အက်ရှင်ဇာတ်ကား သစ်တွင် ပါဝင်သရုပ်ဆောင်ရန် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ Six Years ဇာတ်ကားသည် စာရေးဆရာ ဟာလန်ကိုဘန်၏ Six Years ဝတ္ထုကို ရုပ်ရှင်အဖြစ် ပြန်လည် ဖန်တီးထားခြင်းဖြစ်သည်။ ယင်းဇာတ်ကားတွင် ဂျိတ်ဖစ်ရှာ အဖြစ် သရုပ်ဆောင် ဟက်ခ်ဂျက်မန်းက နာတေးလီအမည်ရှိ ချစ်သူက အခြားသောအမျိုးသား တစ်ဦးနှင့် လက်ထပ်သွားခဲ့သဖြင့် အသည်းကွဲရောဂါကို ကုစားပြီး နေသားကျလာခဲ့သည်။ ခြောက်နှစ်ခန့်ကြာသောအခါ နာတေးလီ၏ အမျိုးသားမှာ ကွယ်လွန်သွားခဲ့ပြီး နာရေးတွင် ခင်ပွန်းသည် ကွယ်လွန်သဖြင့် ဝမ်းနည်းပူဆွေးငိုကြွေးနေသူမှာ ၎င်း၏ချစ်သူ နာတေးလီ မဟုတ်ကြောင်း ဂျိတ်ဖစ်ရှာ သိခဲ့ရသည်။ ထိုအခါ ဂျိတ်ဖစ်ရှာက ၎င်း မသိခဲ့ရသော အမှန်တရားများနှင့် ချစ်သူကို မည်သို့မည်ပုံ ဆက်လက်ရှာဖွေမည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်ရမည့် ဇာတ်ကားကောင်း တစ်ကား ဖြစ်သည်။

၎င်းအပြင် ဩစတြေးလျ သရုပ်ဆောင် ဟက်ခ်ဂျက်မန်းက ယခုလက်ရှိတွင် ဒါရိုက်တာ Denis Villeneuve ၏ အမေရိကန်မှုခင်း



ဇာတ်ကားတွင် သရုပ်ဆောင် မာရီယာ ဘဲယ်လို၊ ပေါလ်ဒန်နိုနှင့် Jake Gyllenhaal တို့နှင့်အတူ ပါဝင်သရုပ်ဆောင်လျက်ရှိပြီး ယခုနွေရာသီတွင် Wolverine အမည်ရှိ စူပါဟီးရိုး ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားကာ ယင်းဇာတ်ကားကို ဇူလိုင် ၂၅ ရက်တွင် မလေးရှားနှင့်စင်ကာပူ နိုင်ငံတို့တွင် စတင်ဖြန့်ချိသွားမည် ဖြစ်ကြောင်း သိရသည်။

**ပြုံးဝဿာမြင့် ➢ စုစည်းရေးသားသည်**

# မလေးရှားရုပ်ရှင်လောကမှ ဟောလိဝုဒ်ရုပ်ရှင်လောကသို့ ကမ်းလှမ်းခြင်းခံရသည့် မလေးရှားသရုပ်ဆောင် Aeril Zafrel

မလေးရှားသရုပ်ဆောင် Aeril Zafrel အား မလေးရှားရုပ်ရှင်လောကမှတစ်ဆင့် ဟောလိဝုဒ်ရုပ်ရှင်လောကသို့ ထိုးဖောက်ဝင်ရောက်ကာ ဟောလိဝုဒ်မင်းသမီး ခရစ္စတီနာ ရစ်စီနှင့် ရဲရွှန်စတုန်းတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ရန် ကမ်းလှမ်းမှုခံထားရကြောင်း သိရသည်။

အသက်(၂၆)နှစ်အရွယ်ရှိ မလေးရှားသရုပ်ဆောင် Aeril Zafrel ၏ နာမည်အရင်းမှာ Suhairil Sunari ဖြစ်ပြီး ၎င်း၏တေးသီချင်းဗီဒီယိုများနှင့် ရုပ်ရှင်ဇာတ်ဝင်တေးများတွင် သရုပ်ဆောင်မှုများကို သဘောကျကာ မင်းသမီး ခရစ္စတီနာ ရစ်စီက ဟောလိဝုဒ်တွင်သရုပ်ဆောင်ရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် Aeril လန်ဒန်တွင်ရှိနေစဉ်က ယမန်နှစ်က ရိုက်ကူးခဲ့သည့် သူ၏ တေးသီချင်းဗီဒီယိုများနှင့် ဇာတ်ကားများမှ Aeril ၏သရုပ်ဆောင်ဟန်များကို ကြိုက်နှစ်သက်သဖြင့် ဟောလိဝုဒ်တွင်သရုပ်ဆောင်ရန် ကမ်းလှမ်းချက်များရရှိခဲ့ကြောင်း ဟောလိဝုဒ်ရုပ်ရှင်ထုတ်လုပ်သူများထံမှ အကြောင်းကြားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဟောလိဝုဒ်က နာမည်ကြီးကြယ်ပွင့်တွေဖြစ်တဲ့ ခရစ္စတီနာရစ်စီနှင့် ရဲရွှန်စတုန်းတို့နှင့်အတူ ဟောလိဝုဒ်ဇာတ်ကားတွေ ရိုက်ရမယ်ဆိုတာ ကျွန်တော့်အတွက် အိပ်မက်တစ်ခုမက်နေသလိုပါပဲ"ဟု သရုပ်ဆောင် Aeril က ပြောကြားခဲ့သည်။

မလေးရှားသရုပ်ဆောင် Aeril သည် မလေးရှားဇာတ်ကားများဖြစ်သည့် Budak Pailang ဇာတ်ကားနှင့် Hanya Aku Cinta Kau Seorang ဇာတ်ကားတို့တွင် လူကြိုက်များကာ ထင်ရှားကျော်ကြားလာခဲ့သည့် မင်းသားတစ်ဦးလည်း ဖြစ်သည်။

# မီးဖိုချောင်လူသတ်သမား စားသုံးသူပညာပေးဇာတ်ကားရိုက်ရန်စီစဉ်

**ရန်ကုန် မတ် ၂၈**

အစားအသောက်နှင့် ပတ်သက်၍ ဘေးအန္တရာယ်ကင်းစွာ စားသုံးနိုင်ရန် ဇာတ်လမ်းဆင် ရိုက်ကူးပညာပေးရန်စီစဉ်ထားပြီး ဇာတ်ညွှန်းရေးကာ စီစဉ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောသည်။

အဆိုပါဇာတ်ကားကို "မီးဖိုချောင် လူသတ်သမား" ဟု အမည်ပေးထားခြင်းဖြစ်ပြီး သရုပ်ဆောင် ဝေဠုကျော်၏ ပံ့ပိုးကူညီမှုဖြင့် ရိုက်ကူးရန် စီစဉ်ထားခြင်းဖြစ်သည်။ ဇာတ်လမ်းတွင် ပရိသတ်စိတ်ဝင်စားမှုရှိရန် ဟာသနှင့် ဒရာမာဇာတ်လမ်းမျိုးစီစဉ်ထားပြီး လူများများသုံးကာ ရိုက်ကူးသွားမည် ဖြစ်ကြောင်း၊ နှစ်နာရီစာဇာတ်လမ်းအဖြစ် စီစဉ်ထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းရေးသားပြီးနောက် တစ်လ၊ နှစ်လအတွင်း အပြီးရိုက်ကူးနိုင်ရန် စီစဉ်ထားလျက်ရှိကြောင်း သိရသည်။

"အခုဇာတ်ညွှန်းရေးဖို့ လုပ်နေတယ်၊ ဒီရက်ပိုင်းအတွင်း စရေးပြီး အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ဒါကို အရင်တုန်းကတော့ စိတ်ကူးရှိပေမယ့် အသင်းမှာရန်ပုံငွေ လုံလုံလောက်လောက် မရှိတော့ မလုပ်ဖြစ်ဘူး။ အခု ကိုဝေဠုကျော်က ရိုက်ဖို့ ကင်မရာတွေလည်း ပံ့ပိုးပေးမယ်။ သူကိုယ်တိုင်လည်း သရုပ်ဆောင်ပြီး ကူညီပေးမယ်။ တခြား သရုပ်ဆောင်တွေကိုလည်း သူအကူအညီတောင်းပေးမယ် ဆိုတာနဲ့ အခုလို စီစဉ်ဖြစ်သွားကြတာပါ" ဟု ၎င်းကရှင်းပြသည်။ ပညာပေးဇာတ်ကားအတွက် ဇာတ်ညွှန်းကို အနုပညာအတွေ့အကြုံရှိသော ပုဂ္ဂိုလ်နှစ်ဦးက ရေးသားကြမည်ဖြစ်ကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

# CZ 12 ဇာတ်ကားရုံတင်

ဂျက်ကီချန်းနှင့် Kwon Sang -Woo တို့ ပါဝင်သရုပ်ဆောင်ထားသည့် CZ 12 ဇာတ်ကား မင်္ဂလာ (၁) သိမ်ကြီးဈေး၌ မတ် ၂၉ ရက်တွင် ရုံတင်ပြသမည်ဖြစ်သည်။ အဆိုပါဇာတ်ကားကို ဂျက်ကီချန်း ကိုယ်တိုင် ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာအဖြစ် ရိုက်ကူးထားသည်။

၁၈ ရာစုအတွင်းက ဒုတိယ ဘိန်းစစ်ပွဲတွင် ဗြိတိသျှတို့ လုယူသွားခဲ့သော တရုတ်ရတနာများ အနက် တရုတ် ၁၂ ရာသီခွင် တိရစ္ဆာန်ဦးခေါင်းပုံ ကြေးရုပ် ၁၂ ခုစလုံးကို တွေ့အောင်ရှာနိုင်လျှင် ဆုငွေ အမြောက်အမြား ချီးမြှင့်မည်ဟု ဂျေစီအား အမ်ပီကော်ပိုရေးရှင်းက ကတိပေး၍ တာဝန်ပေးအပ်သည်။

ဂျေစီကမာတင်ဆိုသူက သတင်းထောက် အယောင်ဆောင်ကာ ပါမောက္ခ ကွမ်အား သွားတွေ့သည်။ ပါမောက္ခအလစ်တွင် ၁၂ ရာသီခွင် တိရစ္ဆာန်ဦးခေါင်း ကြေးရုပ်များကို အထူး ပလတ်စတစ်လက်အိတ်သုံး၍ ပုံရိပ်ဖမ်းယူထားလိုက်သည်။ ဂျေစီအလုပ်ရှင် လျှို့ဝှက်အဖွဲ့အစည်း အမ်ပီက ထိုပုံရိပ်များကိုသုံး၍ ပုံစံတူရုပ်များကို ဖန်တီးရန် ကြံထားသည်။

သို့သော် အမ်ပီကုမ္ပဏီပိုင်ရှင်မှာ အတုပြုလုပ်မှုဖြင့် အဖမ်းခံရသလို တိုက်ရင်းခိုက်ရင်း ဒဏ်ရာရရှိသဖြင့် ဂျေစီဆေးရုံရောက်သွားပုံကို ရိုက်ကူးတင်ဆက်ထားသည့် အက်ရှင်ဇာတ်ကားတစ်ကားဖြစ်သည်။ သမ္မတ၊ သွင်နှင့် ဝင်းလိုက်ရုံ၌ ဇာတ်လမ်းဟောင်းတွေရှိခဲ့ရင် မင်္ဂလာ(၂)၊ ဒဂုံစင်တာ(၂) မြေနီကုန်းနှင့် TOP ROYAL ရုံတို့၌ OZ THE GREAT AND POWERFUL၊ နေပြည်တော်ရုံ၌ THE LAST STAND၊ ရွှေဆောင်ရုံတွင် THONGSUK 13 ဇာတ်ကားတို့ မတ် ၂၉ ရက်တွင် ရုံတင်ပြသမည် ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။ **(ကောင်းဆက်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၉-၃-၂၀၁၃ (သောကြာနေ့)**

- ၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ "မိတ္ထီလာအရေးကိစ္စအပါအဝင် လတ်တလောဆူပူမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ ပြည်သူလူထုထံသို့ ရှင်းလင်းပြောကြားခြင်း"
- ၄း၁၀ ရုပ်မြင်သံကြားအဖွင့်တေး
- ၄း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
- ၄း၅၅ နှောင်းခေတ်တေးပဒေသာ
- ၈း၀၀ ပြည်တွင်းသတင်း
  - -ပြည်သူတို့ရဲ့စကားသံ
  - -နိုင်ငံတကာသတင်းများ
  - -မိုးလေဝသအခြေအနေ
  - -"လူမှန်နေရာမှန်"(အပိုင်း-၂) (စွမ်းရည်၊ ဝက်မ၊ မိုးတိမ်၊ လန်ဒန်၊ ငွေတိုး၊ ရွှေသွေး၊ လှိုင်ဘွား၊ ထက်ထက်ဝင်း၊ ထက်နဒီမိုး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)









# ကစားသမားဘဝကို မန်ယူ၌သာ အဆုံးသတ်မယ်ဆိုတဲ့ ဗန်ပါစီ

နယ်သာလန်နှင့် မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီသည် ၎င်း၏ကျန်ရှိနေသည့် ကစားသမားဘဝကို အိုးထရက်ဖို့ဒ်၌သာ အဆုံးသတ်တော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် (၂၉)နှစ်အရွယ်ရှိ နယ်သာလန်ကြယ်ပွင့် ရော်ဘင်ဗန်ပါစီသည် ၂၀၁၂ ခုနှစ်ဩဂုတ်လက ပြောင်းရွှေ့ကြေးပေါင် ၂၄ သန်းဖြင့် လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းမှ နည်းပြဖာဂူဆန်၏ မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

လက်ရှိ ပရီမီယာလိဂ်သွင်းဂိုးအများဆုံးဖြစ်သည့် လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်၏အောက်တွင် သွင်းဂိုး ၁၉ ဂိုးဖြင့် ဒုတိယသွင်းဂိုးအများဆုံးကစားသမားဖြစ်သည့် ဗန်ပါစီသည် မန်ယူအသင်း၏ ကျန်ရှိနေသေးသည့် ပရီမီယာလိဂ်လက်ကျန်ရှစ်ပွဲမကစားမီ ပြိုင်ဘက်မန်စီးတီးအသင်းကို ၁၅ မှတ်အကွာဖြင့် ဦးဆောင်နိုင်အောင်လည်း အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် ကျန်ရှိနေသေးသည့် ဘောလုံးကစားသမားဘဝသည် မန်ယူ၌သာ ဆက်ရှိနေလိမ့်မည်ဖြစ်ကြောင်းနှင့် မန်ယူအသင်းသည် ၎င်းအတွက် နောက်ဆုံးအသင်းလည်း ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း တိုက်စစ်မှူး ဗန်ပါစီက ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဗန်ပါစီသည် မန်ယူအသင်းသို့ ရောက်လာချိန်မှစ၍ ပြိုင်ပွဲပေါင်း ၃၁ ပွဲတွင် ၂၃ ဂိုးအထိ ဂိုးသွင်းယူနိုင်ခဲ့ပြီး အာဆင်နယ်အသင်းတွင်ရှိစဉ်ကလည်း နောက်ဆုံးရာသီတွင် ၃၇ ဂိုးအထိ သွင်းယူကာ ဖရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့က ပေးအပ်သော တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကိုလည်း ရယူနိုင်ခဲ့သည်။

ဗန်ပါစီသည် မန်ယူအသင်းနှင့် လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးပါက သက်တမ်းတိုးစာချုပ်ထပ်မံချုပ်ဆိုသွားရန်လည်း ရည်ရွယ်ထားကြောင်း ဆိုသည်။



# အင်္ဂလန်ခရစ်ကတ်ကစားသမား ကီဗင်ပီတာဆန် ကာလကြာရှည်အနားယူရန်လိုကြောင်း အန်ဒီဖလော်ဝါပြောကြား

အင်္ဂလန်ခရစ်ကတ်ကစားသမား ကီဗင်ပီတာဆန်သည် ၎င်း ရရှိထားသော ဒူးဒဏ်ရာကို အရှင်းသက်သာပျောက်ကင်းရန်အတွက် သိသိသာသာ အနားယူရန် လိုအပ်နေကြောင်း အင်္ဂလန်ခရစ်ကတ်နည်းပြချုပ် အန်ဒီဖလော်ဝါက ပြောကြားခဲ့သည်။ခရစ်ကတ်ကစားသမား ကီဗင်ပီတာဆန်သည် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် အင်္ဂလန်နှင့် နယူးဇီလန်တို့၏ပွဲစဉ်တွင် လွဲချော်ခဲ့ရပြီး လာမည့်လတွင် ကျင်းပပြုလုပ်မည့် အိန္ဒိယပရီမီယာလိဂ်အားကစားပြိုင်ပွဲနှင့်လည်း လွဲချော်လိမ့်မည် ဖြစ်သည်။

ကီဗင်ပီတာဆန်၏ ဒူးဒဏ်ရာကို စမ်းသပ်ခဲ့ရာ၌ အရိုးဒဏ်ရာရရှိခဲ့သည်ဟု အတည်ပြုပြောကြားခဲ့ပြီး ၎င်း၏ အရိုးပွန်းပဲ့ဒဏ်ရာကြောင့် ကာလကြာရှည်အနားယူရလိမ့်မည်ဖြစ်ကြောင်း အင်္ဂလန်ခရစ်ကတ်နည်းပြချုပ်ဖြစ်သူ ဖလော်ဝါက ပြောကြားခဲ့သည်။

# Sony Open တင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာ ဆီမီးဖိုင်နယ်တက်

WTA Sony Ericsson Open တင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် အီတလီတင်းနစ်မယ် ဆာရာအီရာနီကို ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားကာ အနိုင်ရရှိခဲ့ပြီးနောက် သူမ၏ပထမဆုံး မီယာမီတင်းနစ်ချန်ပီယံဖြစ်ရေးလမ်းကြောင်းပေါ်တွင် ဆက်လက်ရှိနေခဲ့ပြီဖြစ်သည်။



ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိသော ရုရှားတင်းနစ်မယ်မာရီရာရှာရာပိုဗာသည် ပွဲစဉ်တစ်လျှောက် ခက်ခဲစွာကျော်ဖြတ်ခဲ့ရသော်လည်း အီတလီတင်းနစ်မယ် အီရာနီ၏အမှားများကို အနိုင်ရလဒ်အဖြစ်ပြောင်းလဲကာ ၇-၅၊ ၇-၅ ဖြင့် အနိုင်ရရှိခဲ့ပြီး WTA Sony Ericsson Open တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်လာခဲ့သည်။

ယခုနှစ်အစောပိုင်းက အင်ဒီယန်းဝဲလ်၌ကျင်းပခဲ့သော BNP Paribas Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံအဖြစ်ရပ်တည်နိုင်ခဲ့သော ရုရှားတင်းနစ်မယ်မာရီရာရှာရာပိုဗာသည် Sony Open တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျန်ကိုဗစ် သို့မဟုတ် ရောဘတ်တာဗင်စီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

Sony Open အမျိုးသားတင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်တစ်ခုဖြစ်သည့် ဒေးဗစ်ဖာရာနှင့် ဂျာမန်မယ်လ်ဇာတို့၏ ပွဲစဉ်တွင် ဒေးဗစ်ဖာရာက မယ်လ်ဇာကို ၄-၆၊ ၆-၃၊ ၆-၀ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်လာခဲ့ကြောင်းသိရသည်။

နိုင်လင်းကြည်

# ဗြိတိန်အပြေးမယ် ရက်ကလစ်ဖီး ခြေထောက်ဒဏ်ရာကြောင့် ပြိုင်ပွဲမဝင်သေးဟုဆို

ဗြိတိန်၏ အသက် (၃၉)နှစ်အရွယ်ရှိ ကမ္ဘာ့မာရသွန်စံချိန်တင်အပြေးမယ် ရက်ကလစ်ဖီးသည် သူမ၏ ခြေထောက်ဒဏ်ရာကြောင့် ခက်ခက်ခဲခဲယှဉ်ပြိုင်ရမည်ကို မလိုလားအပ်၍ ပြိုင်ပွဲမဝင်လိုသေးကြောင်း ရက်ကလစ်ဖီးက ဝန်ခံပြောကြားခဲ့သည်။




ဗြိတိန်အပြေးမယ်ရက်ကလစ်ဖီးသည် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် ခြေထောက်ဒဏ်ရာရရှိခဲ့ချိန်မှစ၍ ရှစ်လကြာအပြေးမယ်ဘဝမှ အနားယူခဲ့သော်လည်း လက်ရှိတွင်မူ ၂၀၁၃ ခုနှစ် နွေဦးရာသီ၏ ၁၀ ကီလိုမီတာအပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်လည်း မျှော်လင့်ထားကြောင်း သိရသည်။

၂၀၀၅ ခုနှစ်က ကမ္ဘာ့မာရသွန်အပြေးချန်ပီယံ ဖြစ်ခဲ့သော ရက်ကလစ်ဖီးသည် သူမ၏အပြေးမယ်ဘဝကို အဆုံးသတ်ရန်မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် ယင်းသို့အပြေးမယ်ဘဝကို အဆုံးသတ်ရန်မှာလည်း တိတိကျကျပြောရန်ခက်ခဲနေကြောင်း ဆိုသည်။















အထက်မြန်မာပြည်သတင်း

## ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း လက်ပန်လှ၌ ကျင်းပ

**ရွှေဘို မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် လက်ပန်လှကျေးရွာ ပုဗ္ဗာရုံကျောင်းတိုက်ဆရာတော် ဦးဓမ္မနန္ဒနှင့် သင်တန်းသင်ကြားရေးတာဝန်ခံ ဆရာတော် ဦးသုမင်္ဂလတို့က ကြီးမှူးပြီး စတုတ္ထအကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီက ပုဗ္ဗာရုံကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲကို ရွှေဘိုတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့်၊ ဒုတိယပါမောက္ခချုပ် ဦးတင်အေး၊ ပါမောက္ခဒေါက်တာသိင်္ဂီဌေးနှင့် သင်တန်းတွင် ဟောပြောပို့ချပေးကြမည့် ရွှေဘိုတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၂၅ ရက်က စတင်သင်ကြားပြီး သင်တန်းကာလမှာ ၁၅ ရက် ဖြစ်သည်။ အဆိုပါ သင်တန်းကာလအတွင်း မွန်းလွဲ ၁ နာရီမှ ၁ နာရီ ၄၅ မိနစ်အတွင်း ရွှေဘိုတက္ကသိုလ်မှ ပါမောက္ခများ၊ ကထိကများက သင်တန်းသားများအတွက် သိမှတ်ဖွယ်ရာ အဖြာဖြာတို့ကို ဟောပြောပို့ချပေးမည်ဖြစ်သည်။ ယခုဖွင့်လှစ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတွင် လက်ပန်လှရွာနှင့် ရွာနီးပတ်ဝန်းကျင် ကျေးရွာတို့မှ ကျောင်းသား ကျောင်းသူလူငယ်ပေါင်း ၄၂၀ လာရောက်သင်ယူကြကြောင်း သိရသည်။ (၅၇၂)

## က/ခ ယာဉ်မောင်းလိုင်စင် တစ်လတစ်ကြိမ် ပြုလုပ်ပေးလျက်ရှိ

**ရမည်းသင်း မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်ထိခိုက်မှု အန္တရာယ်များ ကင်းရှင်းရေးအတွက် တစ်လတစ်ကြိမ် သင်တန်းများ ပို့ချ၍ လက်တွေ့ယာဉ်မောင်းစစ်ဆေးပြီး ယာဉ်မောင်းလိုင်စင်များ သတ်မှတ်အရည်အချင်းနှင့်အညီ ထုတ်ပေးနေကြောင်း သိရသည်။

မတ် ၂၁ ရက်မှ ၂၃ ရက်အထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနည်း (ဥပဒေ)များကို ခရိုင်ဦးစီးမှူး ဒေါ်သက်မာလွင်နှင့် ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းအေးတို့က ဦးစီး၍ သင်တန်းများပို့ချပြီး မန္တလေးတိုင်းဒေသကြီး (ကညန) ရုံးမှ ယာဉ်မောင်းစစ်ဆေးရေးအဖွဲ့က တစ်လတစ်ကြိမ်အလှည့်ကျ လာရောက်စစ်ဆေးပြီး ဆိုင်ကယ်မောင်း(က)လိုင်စင်နှင့် ကားမောင်း(ခ)လိုင်စင်များ စနစ်တကျစစ်ဆေး၍ ထုတ်ပေးခဲ့ကြောင်း သိရသည်။

အသက် (၁၈)နှစ်ပြည့် သင်တန်းတက်ရောက်သူအတွက် (က)လိုင်စင် ၁၃၀ နှင့် (ခ)လိုင်စင်အတွက် ၃၈ ဦး တက်ရောက်ကြကြောင်း သိရသည်။

**တင်ဦး (ရမည်းသင်း)**



## မုံရွာမှာ သံချပ်မျိုးဆက် ပြတ်သလောက်ရှိနေပြီ ကြားကိုမကြားရတော့ဘူး

### မုံရွာမြို့နေ ဂီတအနုပညာသီချင်း ဖန်တီးရှင် ချင်းတွင်းကျော်စွာလှိုင်နှင့်တွေ့ဆုံခြင်း

**မျိုးဝင်းထွန်း(မုံရွာ)**

**မုံရွာမြို့တွင် တစ်ခေတ်တစ်ခါက သင်္ကြန်ကာလများတွင် သံချပ်ဖြင့် လွှမ်းမိုးခဲ့ဖူးသည်။ ငုဝါအဖွဲ့၊ ရွှေစွန်ညိုအဖွဲ့ (ကျောက်ကျောအဖွဲ့)၊ ကြာရုပ်အဖွဲ့၊ နွေတမာအဖွဲ့စသည်ဖြင့် အပြိုင်အဆိုင် ခေတ်၏ကြေးမုံပြင်ကို အမှန်ကို အမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း၊ စနစ်ဆိုး၊ စရိုက်ဆိုးများကြားမှ တည့်မတ်ပေးခဲ့ခြင်းများ ရှိခဲ့ခြင်းနှင့် ယခုခေတ်မုံရွာသင်္ကြန်တွင် သံချပ်အဖွဲ့များပျောက်ကွယ်သွားရခြင်းအပေါ် နှစ်စဉ်သင်္ကြန်ကို စွမ်းနိုင်သမျှ ပံ့ဖော်နေသူ မုံရွာမြို့နေ ချင်းတွင်းကျော်စွာလှိုင်နှင့် တွေ့ဆုံမေးမြန်းကြည့်ရာ-**

"မုံရွာသင်္ကြန်နဲ့ ပတ်သက်ပြီးတော့ အရင် (၃၅) နှစ်ကျော်လောက်က လူငယ်ကဏ္ဍပေ့ါနော်။ အဲဒီခေတ်က သစ်သားကအစ စျေးချိုတဲ့အချိန်ဆိုတော့ သစ္စာကေသီဦးဆိုပြီးတော့ ကျွန်တော်တို့ယဉ်ယဉ်ကျေးကျေးနဲ့ ဦးလေးခန့်တို့နဲ့ စခဲ့ကြတာပါ။ အဲဒီနောက် အခု ဒီဘက်ပိုင်းခေတ်ရောက်လာတော့ ငုဝါဆိုပြီးတော့ ပထမဆုံးမြူနီစီပယ်ရုံးရှေ့က မဏ္ဍပ်မှာ ပြိုင်ပွဲတွေ စလုပ်တဲ့အချိန်က ကျွန်တော်တို့ငုဝါကသံချပ်ရော၊ သီချင်းရော ဝင်ပြိုင်ခဲ့ပါတယ်။ အဲဒီတုန်းက သစ္စာကျော်သက်ဦးတို့၊ ချင်းတွင်းကျော်ဇေယျတို့ရှိသေးတယ်။ အကဲဖြတ်ကတော့ ဘုတလင်ဦးချစ်လေးတို့၊ ဦးသာဌေး (အောင်သာစံ) တို့လုပ်ခဲ့တယ်။ အဲဒီနောက်ပိုင်းမှာတော့ ထန်းတောလှည်းတန်းရပ်ကွက်က နွေဥသြရေသဘင်မှာ ပြိုင်ပွဲဝင်ခဲ့တယ်။ နွေဥသြမှာ ကျွန်တော်တို့တစ်ကြိမ်ပြိုင်လို့ရှိရင် လေးပုဒ် ငါးပုဒ်လောက် ပြိုင်ခဲ့ကြပါတယ်။ အဲဒီတုန်းက ပြိုင်တာကတော့ ရွှေစွန်ညိုတို့၊ ငုဝါ၊ နွေတမာတို့နဲ့ ယှဉ်ပြိုင်ခဲ့ကြပါတယ်။ အဲဒီနောက်ပိုင်းကျတော့ သံချပ်တွေမပါတော့ပါဘူး။ သံချပ်တွေ ဦးစားပေးတဲ့အချိန်ကျတော့ ကြာရုပ်တို့၊ ကျောက်ကျောတို့၊ လက်ရုံးတို့၊ သူတို့အဖွဲ့တွေက သံချပ်လုပ်ကြတယ်။ ကျွန်တော်က အကြံဉာဏ်ပေးရတာတွေတော့ ပါတာပေ့ါ။ လူကိုယ်တိုင်တော့ဝင်မလုပ်ခဲ့ပါဘူး။ အဲဒီနောက်မှာ ကျွန်တော့်အနေနဲ့ မဏ္ဍပ်တွေမှာ သီချင်းတွေရေးပေးခဲ့ရာမှာ အခုချိန်ထိဗဟိုမဏ္ဍပ်မှာ အကသီချင်းတွေရေးပေးတာ ၂၇ နှစ်ရှိသွားပါပြီ။ ပြီးတော့ ပြိုင်ပွဲဝင်သီချင်းတွေလည်း ရေးရာမှာ ပြည်ထဲရေးမဏ္ဍပ်မှာ ပထမဆု သုံးခါ လေးခါလောက်ရသလို ရတနာသစ်မဏ္ဍပ်မှာလည်း ရေးပေးရပါတယ်။အခုနှစ်မှာလည်း ဗဟိုသင်္ကြန်အတွက် ရေးပေးနေရပါတယ်။ မန္တလေးနဲ့ ရန်ကုန်မှာ ဒီနှစ်မှာ သံချပ်တွေကို ပြန်ဖော်တာတွေ့ရတယ်။ သံချပ်ရဲ့အဓိပ္ပာယ်ကို ဖွင့်ရရင် သံချပ်ဟာဝေဖန်ရေးပဲ။ ကောင်းပါတယ်။ အသင်းအဖွဲ့တစ်ခု အဖွဲ့အစည်းတစ်ခုရဲ့ မှားကွက်တွေကို၊ လိုအပ်ချက်တွေကို ထောက်ပြတာပေ့ါ။ ဝေဖန်ရေးတွေကို လူထုချပြတယ်။ သရော်တာပေ့ါဗျာ။ သရော်ပြီးတော့ သရုပ်ပြလေးတွေနဲ့ ဖော်ထုတ်ထားတာပါ။ သံချပ်က သင်္ကြန်မှာ ရှိသင့်ပါတယ်။ မြန်မာ့ရိုးရာသံချပ်ကဏ္ဍဆိုပြီး ရှိသင့်ပါတယ်။

အခုလူအများကလည်း သံချပ်ကို မျှော်လင့်နေကြတယ်။ အခုဒီနှစ် သံချပ်မလုပ်ကြဘူးလားလို့ လာလာမေးကြတယ်။ ကျွန်တော့်အနေနဲ့ အသက်ကြီးတာကတစ်ကြောင်း၊ အသင်းအဖွဲ့တွေနဲ့ ဆောင်ရွက်ရမှာမနိုင်တာက တစ်ကြောင်း လုပ်ဖြစ်မှာမဟုတ်ပါဘူး။ မုံရွာမှာ လုပ်ဖို့တော့မရှိပေမယ့် မုံရွာကို မြန်မာနိုင်ငံအောက်ပိုင်းက သံချပ်အဖွဲ့တစ်ဖွဲ့လာပြီး ဖျော်ဖြေသံချပ်ထိုးမယ်လို့ သိရပါတယ်။ မန္တလေးကရော၊ ရန်ကုန်ကရော သံချပ်အဖွဲ့တွေလာထိုးမယ်လို့ ကြားရတယ်။ အစ်မများအဖွဲ့ရော နှစ်စဉ်အတိုင်း လာကြလိမ့်မယ်ဗျ။ မုံရွာမှာ သံချပ်ခေတ်စားခဲ့တုန်းက အပြိုင်အဆိုင်ပေ့ါလေ။ အဲဒီတုန်းက သမခေတ်ရှိတယ်ဗျ။ သမကခိုးတာတွေ၊ ဗိုက်တာတွေကို သံချပ်နဲ့ ဖော်ထုတ်ခဲ့ကြတယ်။ နောက်ဆုံးတီးဝိုင်းက သီချင်းဆိုတာတောင်မှ ဟိုကောင်မလေးအလွမ်းသီချင်းဆို ဆန္ဒင်းမကင်းကချို စသည်ဖြင့် ခေတ်ရဲ့ ရောင်ပြန်ဟပ်တာလေးတွေ၊ မှားကွက်လေးတွေကို ဟာသလေးတွေနဲ့ ထောက်ပြတာရှိခဲ့ပါတယ်။ အခုအချိန်မှာလုပ်စရာ၊ ရေးစရာတွေတော့ အများကြီးရှိတာပေ့ါ။ အခုအချိန်မှာ အားလုံးလွတ်လပ်ပြီဆိုပေမယ့် အကုန်လုံးဖော်ထုတ်၊ ဖော်ပြဖို့တော့ မလွယ်ကူသေးပါဘူး။ နာမည်ကြီးပုဂ္ဂိုလ်၊ ရန်ကုန်နဲ့ မန္တလေးကလူတွေကတော့ လုပ်နေကြတာပဲ။ ကျွန်တော်တို့အရပ်ကလူတွေ လုပ်မယ်ဆိုရင်တော့ မလွယ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ထိန်းချုပ်တာတွေ ရှိနေဆဲပါပဲ။

ကျွန်တော်တို့အညာက တစ်မျိုးလေ။ ဒီမှာရှိတဲ့အပိုင်းတွေက သံချပ်လုပ်လို့ကောင်းပေမယ့် မလွယ်ဘူးထင်ပါတယ်။ အခုခေတ်လူငယ်တွေ သံချပ်ဆိုတဲ့ အဓိပ္ပာယ်ကို ကောင်းကောင်းမသိသေးတာကို သိအောင်၊ လုပ်ချင်စိတ်ရှိလာအောင် လုပ်နိုင်ရင်တော့ အကောင်းဆုံးပေ့ါ။ သံချပ်ဆိုတာ ရိုးရာသံချပ်ခေါ်ပါတယ်။ အခုခေတ်ကလေးတွေ ဟစ်ဟော့ပ်လုပ်နေတာလည်းသံချပ်ပါပဲ။ မြန်တာနဲ့ နှေးတာပဲကွာတာပါ။ သူတို့ ရင်ထဲကခံစားချက်တွေ ဖွင့်ထုတ်စကားပြောနဲ့ ဟစ်ဟော့ပ်ဖန်တီးထားတာလည်း တစ်နည်းအားဖြင့် သံချပ်ပါပဲ။ ရှေးသံချပ်နဲ့အခု ဟစ်ဟော့ပ်နဲ့ တိုင်ပင်ပဲကွာတာပါ။ သံချပ်ကို ရန်ကုန်၊ မန္တလေး သာမက မုံရွာလိုမြို့ကြီးမှာလည်း ဦးဆောင်မယ့်သူရှိရင် လူငယ်တွေအနေနဲ့ လုပ်သင့်တဲ့ ရိုးရာထိန်းသိမ်းမှုတစ်ခုဖြစ်တဲ့အတွက် လုပ်နိုင်ရင်အထူး ကောင်းမွန်လှပါတယ်။ မုံရွာမှာ သံချပ်မျိုးဆက်အဖြစ် ဦးဆောင်မယ့်သူ တစ်ဦးတစ်ယောက်မျှ မမြင်တော့ဘူး။ မုံရွာမှာတော့ သံချပ်မျိုးဆက်ပြတ်သလောက်ဖြစ်နေပြီ။ ကြားကို မကြားရဘူး။ အရင်တုန်းကတော့ ဦးဘသက်ရဲ့သား ကိုနေဝင်း၊ ကျောက်ကျောလုပ်ခဲ့တဲ့ ကိုကျော်ဆွေဝင်း၊ ကြာရုပ်လုပ်တဲ့ အလယ်ရပ်ထဲက ကိုညီမောင်၊ လက်ရုံးကိုလုပ်တဲ့ ကိုသောင်းစိန်၊ နောက်ပြီး ရွှေစွန်ညိုလုပ်တဲ့ ကိုသန်းရွှေတို့ လုပ်ခဲ့ကြပါတယ်။ ။

## ပုလိပ်အင်းရေတိမ်ဒေသ ဆောင်းခိုငှက်နှင့် ရေငှက်များထိန်းသိမ်းရေး ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

**ပုလိပ် မတ် ၂၈**

စဉ့်ကိုင်မြို့နယ် ပုလိပ်မြို့ ရွှေယမုံခန်းမ၌ River Bank Art Centre နှင့် ရွှေဖိုးခေါင်ဂျာနယ်တို့က ဦးဆောင်စီစဉ်သည့် "ပုလိပ်အင်းရေတိမ်ဒေသ၊ ဆောင်းခိုငှက်များ" ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို မတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ ဟောပြောပွဲတွင် ပုလိပ်မြို့၊ ငှက်ချစ်သူများအသင်း တည်ထောင်သူ ဦးမျိုးတင်မွှေးက အသင်းတည်ထောင်ခြင်းနှင့် ဓာတ်ပုံပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိန်းအောင် (ငှက်သုတေသန ပညာရှင်)က"ပုလိပ်အင်းရေတိမ်ဒေသနှင့် ရေငှက်များ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းရေး"၊ စာရေးဆရာ စိန်မျိုးမြင့်(ဓာတ်ပုံပညာရှင်)က "ခရီးသွားအတွေ့အကြုံများ"၊ ဗီဒီယိုနှင့် ဓာတ်ပုံပညာရှင် ဦးဇေမောင်သိန်း (မန္တလေးတက္ကသိုလ်)က "ပုလိပ်အင်းနှင့် ပတ်ဝန်းကျင်အင်းများမှ ရေငှက်များ" စသည့် ခေါင်းစဉ်များဖြင့် ဟောပြောဖတ်ကြားကြကြောင်း သိရသည်။ ဟောပြောပွဲနှင့်အတူ ပုလိပ်အင်းတွင် ကျက်စားပျော်ပါးကြသည့် ရေငှက်အမျိုးမျိုးတို့၏ လှုပ်ရှားနေထိုင်ကျက်စားကြသည့် ဓာတ်ပုံများကို ခင်းကျင်းပြသထားသည်။**(အောက်ပုံ)**

ပုလိပ်အင်းသည် မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးမြို့အနောက်တောင်ဘက် ကိုးမိုင် သုံးဖာလုံခန့် အကွာတွင် တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အမြင့် ၈၉ မီတာတွင် တည်ရှိနေသည့် ကုန်းတွင်းရေတိမ်ဒေသ (Inland Wetland) သဘာဝအင်း (Pond) ဖြစ်ကြောင်း၊ အကျယ်အဝန်းအားဖြင့် ကန်အရှည် ၂ ဒသမ ၃ ကီလိုမီတာ၊ အကျယ် ၂ ဒသမ ၁ ကီလိုမီတာရှိပြီး ကန်ရေပြင်မှာ မိုးရာသီတွင် ၃၂၇ ဒသမ ၇၆ ဟက်တာနှင့် နွေရာသီတွင် ၄၀ ဒသမ ၄၇ ဟက်တာကျယ်ဝန်းကြောင်း သိရသည်။

ဧရာဝတီမြစ်လက်တက်ဖြစ်သည့် ဒုဋ္ဌဝတီမြစ်ငယ်မြစ်မှ အင်းအတွင်း ရေဝင်၊ ရေထွက် ပြုလုပ်ပြီး အင်းရေကို စိုက်ပျိုးရေးအတွက် အသုံးချနိုင်ပြီး စီးပွားဖြစ် ငါးဖမ်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြောင်း သိရသည်။ အင်းအတွင်းတွင် ရေငှက်မျိုးစိတ် ၃၇ မျိုး၊ အခြားငှက်မျိုးစိတ် ခုနစ်မျိုး၊ ငါးမျိုးစိတ် ရှစ်မျိုးတို့ နေထိုင်ကျက်စားခဲ့ကြောင်း လေ့လာဖော်ထုတ်ထားသည်ဟု သိရသည်။ ရေငှက် ၃၇ မျိုးတွင် ရေဘဲအုပ်စုဝင် စစ္စလီသေး၊ မောက်တင်၊ ကလကတ်၊ တောငန်း၊ ဟင်္သာ၊ တောဝမ်းဘဲ၊ ဘဲရစ်/ဘဲ မြီးသွယ်၊ ဘဲအ၊ ရှိုဘယ်လာဘဲ၊ ဘဲခေါင်းစိမ်း၊ Eurasian Pochar အပါအဝင် မျိုးစိတ် ၁၃ မျိုးနှင့် တစီးမှုတ်၊ ခရုတုတ်၊ ခရုစုပ်ခေါင်းမည်း၊ ခရုစုပ်၊ ဥပန်း၊ တင်ကျီး၊ အော်ယော၊ ငဟစ်မွဲ၊ ငဟစ်၊ ဗျိုင်း၊ ဗျိုင်းအောက် အမျိုးမျိုးတို့ ဖြစ်သည်။ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် Eurasian Pochar၊ ခရုစုပ်ခေါင်းမည်းနှင့် ဥပန်းတို့မှာ ထူးခြားများပြားစွာ ကျက်စားကြောင်း သိရသည်။ ၂၀၁၂ခုနှစ်၊ ၂၀၁၃ ခုနှစ် အတွင်း ကွင်းဆင်းလေ့လာမှုများအရ ရေငှက်မျိုးစိတ် ၃၀၊ ရာသီအလိုက် ပြောင်းရွှေ့ကျက်စားသည့် ဆောင်းခိုငှက် ၁၁ မျိုးနှင့် ဒေသရင်းငှက်မျိုး ၁၉ မျိုးတို့ ဖော်ထုတ်မှတ်တမ်းတင်ထားကြောင်း သိရသည်။ **(နန္ဒာမင်းလွင်)**



## အင်ဝိုင်းလှည့်သူတစ်ဦး တစ်လဝင်ငွေ တစ်သိန်းဝန်းကျင်ရရှိ

**ရမည်းသင်း မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဝါးဖြူတောင်အုပ်စု မိုးထိမိုးမိ ရွှေသတ္တုတူးဖော်ရေးဒေသတွင် အမျိုးသားကြီးပွားတိုးတက်ရေးအုပ်စုကုမ္ပဏီနှင့် အကျိုးတူ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အသေးစားရွှေထုတ်လုပ်ရေးလုပ်ငန်းများတွင် အင်ဝိုင်းလှည့်သူများ တစ်လဝင်ငွေ တစ်သိန်းမှ တစ်သိန်းခွဲဝန်းကျင် ဝင်ငွေရရှိနိုင်သည်ဟု သိရသည်။

တူးဖော်ရရှိသည့် ရွှေပါသော ကျောက်များကို ဦးစွာ ကျောက်သေးသေးလေးများဖြစ်အောင် ကြိတ်ရသည်။ ယင်းကို ဂျောခွဲသည်ဟု ခေါ်သည်။ ယင်းမှတစ်ဆင့် အမှုန့်ဖြစ်အောင်ကြိတ်ခြင်းကို ဖြုန်းကြိတ်သည်ဟု ခေါ်သည်။ ဖြုန်းမှတစ်ဆင့် သဲစာရအောင်ကြိတ်ယူပြီး ရရှိသော သဲစာကို သစ်သားဝိုင်းဖြင့် ပြုလုပ်ထားသော အင်ဝိုင်းအတွင်း ရေဖြင့်သဲစာကို ဖျော်ကာလှည့်၍ ရွှေယူခြင်းကို အင်ဝိုင်းလှည့်သည်ဟု ခေါ်သည်။

အင်ဝိုင်းလှည့်သူများကို အင်ဝိုင်းသူမ (အင်ဝိုင်းသမ) ဟုခေါ်ပြီး တစ်နေ့လျှင် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၁နာရီမှ ညနေ ၅ နာရီအထိ အလုပ်ဆင်းကြရသည်။ နေ့တွက်တစ်နေ့လျှင် ငွေကျပ် ၈၀၀၀ မှ ၁၀၀၀၀ ဝန်းကျင် ရရှိသည့်အပြင် နေ့လယ်စာ လက်ဖက်ရည်ဖိုး၊ ကွမ်းယာဖိုးကိုလည်း လုပ်ငန်းရှင်များမှ ရွှေပါလျှင်ပါသလို ကြည့်ပေးပြီး လုပ်ငန်းချိန်ပိုလုပ်လျှင်လည်း အချိန်ပိုကြေး ထပ်ဆင့်ပေးသည်ဟု သိရသည်။

ယင်းဒေသတွင် မိသားစုလိုက် လာရောက်နေထိုင် လုပ်ကိုင်ကြခြင်းဖြစ်ပြီး အများဆုံးမှာ ချောင်းကြီး၊ နွယ်ရုံ၊ လိပ်ကျ၊ ၆ မိုင်၊ ၇ မိုင်၊ သပိတ်ကျင်းမြို့နယ်၊ မုံရွာမြို့နယ်ဒေသများမှ လာရောက်လုပ်ကိုင်ကြသည်။



အင်ဝိုင်းသူမ (အင်ဝိုင်းသမ)များ အနေဖြင့် ကျောက်ကြိတ်စက်များ လုပ်ကိုင်မှုအဆင်ပြေ၍ ဖြုန်းရရှိမှုများပါက တစ်လလျှင် ရက် ၂၀ ဝန်းကျင် အင်ဝိုင်းလှည့်ရ၍ အင်ဝိုင်းသူမတစ်ဦး တစ်လဝင်ငွေ တစ်သိန်းမှ တစ်သိန်းခွဲရရှိကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ထွန်း**

**အသက်(၈၅)နှစ်**

သူငယ်ချင်း ဆွေဆွေမူ၏ ဖခင် ဦးတင်ထွန်း ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန် ဝ/သ တက္ကသိုလ် ၁၉၇၂-၇၇ ဥပဒေကျောင်းသား၊**
**ကျောင်းသူများ လူမှုရေးဖောင်ဒေးရှင်း**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အန်းကျုံး(ခ)ဒေါ်အေး အသက်(၉၂)နှစ်သည် ၂၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Zhejiang Shifeng Machinery Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အန်းကျုံး(ခ)ဒေါ်အေး အသက်(၉၂)နှစ်သည် ၂၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Chong Qing Global Trading Co.,Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဇောနိုင်(ဥပဒေပညာရှင်)**

**အသက်(၆၅)နှစ်**

**တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ဥပဒေပညာဌာန**

ဒေါ်တင်ဝင်းရည်(စာကြည့်တိုက်မှူး၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်)၏ခင်ပွန်း ဦးကျော်ဇောနိုင်သည် ၂၁-၃-၂၀၁၃ရက် နံနက် ၉း၄၀နာရီတွင် မမျှော်လင့် ဘဲ ရုတ်တရက်ကွယ်လွန်သွားသည့်အတွက် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရသကဲ့သို့ တိုင်းပြည်အတွက် လိုအပ်နေသောလူတော်လူကောင်း ဥပဒေပညာရှင်တစ်ဦး ဆုံးရှုံးသွားရသဖြင့် ယူကျုံးမရနှမြောတသလျက်ပါ။ ပညာပြည့်ဝ နှလုံးလှသောဆရာ ကောင်းရာသုဂတိ ရောက်ပါစေ။

**ဦးသိန်းရွှေ[ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ စာကြည့်တိုက်နှင့်သုတပညာဌာန၊ ရန်ကုန်တက္ကသိုလ်]နှင့် ဇနီး ဒေါ်ခင်အေးမူ(Winnie)**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အန်းကျုံး(ခ)ဒေါ်အေး အသက်(၉၂)နှစ်သည် ၂၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**CATIC Beijing Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အန်းကျုံး(ခ)ဒေါ်အေး အသက်(၉၂)နှစ်သည် ၂၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Changsha Ocean Automobile Parts Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အန်းကျုံး(ခ)ဒေါ်အေး အသက်(၉၂)နှစ်သည် ၂၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Hebei Zhong Xing Automobile Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အန်းကျုံး(ခ)ဒေါ်အေး အသက်(၉၂)နှစ်သည် ၂၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Cherry Automobile Co.,Ltd.**

## လွမ်းဆွတ်သတိရခြင်း

**ယွန်းယွန်းဖူးငုံ(ခ)မီးငယ်**

**အသက်(၃၂)နှစ်**

ချစ်ရပါသောမီးငယ်ရေ---မမျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာသွားရတဲ့အတွက် အရမ်းပဲဝမ်းနည်းကြေကွဲရပါသည်။ ဤအဖြစ်အပျက်မျိုး နောင်ဘယ်လိုဘုံဘဝမှ မကြုံရပါစေနှင့်။ ကောင်းရာဘုံဘဝမှာ အေးချမ်းစွာအနားယူပါတော့။

**ချစ်သောမေမေ၊ ကိုထွန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဇောနိုင်(ဥပဒေပညာရှင်)**

**တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ဥပဒေပညာဌာန**

ဆရာ မမျှော်လင့်ဘဲ ကွယ်လွန်ဆုံးပါးသွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန် ဝ/သ တက္ကသိုလ် ၁၉၇၂-၇၇ ဥပဒေကျောင်းသား၊**
**ကျောင်းသူများ လူမှုရေးဖောင်ဒေးရှင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အန်းကျုံး(ခ)ဒေါ်အေး(မော်လမြိုင်)**

**အသက်(၉၂)နှစ်**

လုံစေတောင်ဘုရားကျောင်းဂေါပက ဒု-ဥက္ကဋ္ဌ ဦးကျော်ဌေး(Kyaw Enterprise Co., Ltd) ၏မိခင် ဒေါ်အန်းကျုံး(ခ) ဒေါ်အေး အသက်(၉၂)နှစ်(မော်လမြိုင်)သည် ၂၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁။ ဦးကင်ဟင်း- ဒေါ်ကျင်ရိုး**
**၂။ ဒေါက်တာဟန်ဝင်း**
**၃။ ဦးဝေကင်း-ဒေါ်ကျင်မွေး**
**၄။ ဦးချို**
**၅။ ဦးလုံဘိ**
**၆။ ဦးခင်မောင်**
**၇။ ဦးကြည်ဦး**
**၈။ ဦးပစ်စိန်**
**၉။ ဦးကျော်မင်း**
**၁၀။ ဦးသိန်းရွှေ**
**၁၁။ ဦးတင်အောင်**
**၁၂။ ဦးဝင်းနိုင်**
**၁၃။ ဦးမောင်မောင်သန်း**
**၁၄။ ဦးကျော်မြင့်**
**၁၅။ ဦးသန်းစိန်**
**၁၆။ ဦးမောင်အေး**
**၁၇။ ဦးစိန်ဝင်း**
**၁၈။ ဦးမြဝင်း**
**၁၉။ ဦးထွန်းမြင့်**
**၂၀။ ဦးအချွန်း**
**၂၁။ ဦးမြသောင်း**
**၂၂။ ဦးလှမြင့်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြအေး**

**အသက်(၈၂)နှစ်**

ဦးခင်မောင်ဆွေ(ဒု-အင်ဂျင်နီယာချုပ်-တံတားဦးစီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသော မိခင်ကြီးဒေါ်မြအေးသည် ၂၅-၃-၂၀၁၃(တနင်္လာနေ့)တွင်ကွယ်လွန်ကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)နှင့်**
**တံတားအထူးအဖွဲ့(၁)မှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာ ဒေါ်ခင်စီ**

အချစ်ဆုံး အန်တီလေး ကျွန်တော်တို့အားလုံးနှင့် ခွဲခွာသွားပြီဖြစ်၍ အန်ကယ်၊ ဖြူဖြူ ဝင်စတင် မိသားစုဆွေမျိုးအားလုံးနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ၍မဆုံးနိုင်ပါ။

**ဒေါက်တာ ညီဝင်းမှန်နှင့်ဒေါက်တာခင်ဝင်းအေးမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အန်းကျုံး(ခ)ဒေါ်အေး**

အသက်(၉၂)နှစ်သည် ၂၅-၃-၂၀၁၃ရက်နေ့တွင် ကွယ်လွန်သွားပါကြောင်းကြားသိရ၍ မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**DongFeng Chaoyang Deisel Co.Ltd**

## ဝမ်းနည်းကြေကွဲခြင်း

ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်အန်းကျုံး(ခ)ဒေါ်အေး အသက်(၉၂)နှစ်သည် ၂၅-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြေး ဦးတင်ကြိုင်-ဒေါ်ဖြူဖြူလွင်၊ မြစ် ဒေါက်တာ**
**မင်းဗိုလ်ဗိုလ်ဦးမိသားစု**
**ဦးမင်းလွင်လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး မင်္ဂလာဈေးသစ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၈၉)၊ မြေကွက်တည်နေရာအမှတ်(၈၉)၊ (၃၂)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်(ဦးမြဟန်)ငငဝ၃ဝ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြဟန်ကွယ်လွန်သဖြင့် ဒေါ်အမာကြည်[၁၂/တမန(နိုင်)ဝ၄၃၆၂၇]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## (၁၁)နှစ်မြောက်လွမ်းဆွတ်သတိရခြင်း

**ဒေါ်သီ**

**အသက်(၆၉)နှစ်**

**ရွှေမန်းမုန့်တိုက်၊ စကုမြို့၊ ဆင်ဖြူကျွန်းမြို့၊ မကွေးတိုင်းဒေသကြီး**

အချစ်ဆုံးကျေးဇူးရှင်မေမေ ခင်ပွန်း၊ သားသမီးမြေးများကို ခွဲခွာသွားသည်မှာ ၂၉-၃-၂၀၁၃ရက်တွင် (၁၁)နှစ်ပြည့်မြောက်ပြီ ဖြစ်သော်လည်း တစ်နေ့မှမေ့မရနိုင် ပါ။ မေမေ့အတွက် ရည်စူး၍ အားလုံးပြုသမျှကုသိုလ်ကောင်းမှုများကြောင့် မြင့်မြတ်အေးချမ်းတဲ့ဘုံ ဘဝကနေ အေးချမ်းစွာ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

**ချစ်မေမေရေ အမျှ- အမျှ- အမျှ**
**ချစ်ခင်ပွန်း- ဦးအိတင်**
**ချစ်သားကြီး- ဦးကြည်မြင့်-ဒေါ်ကြူကြူ**
**ချစ်သမီးကြီး- ဦးတင်ဝင်း-ဒေါ်အေးအေးမြင့်**
**ချစ်သားလတ်- ဦးတင်မြင့်-ဒေါ်ဖြူဖြူ**
**ချစ်သားငယ်- ဦးစိန်မြင့်-ဒေါ်စန္ဒာမြိုင်**
**ချစ်သမီးထွေး- ဦးကျော်မြင့်ဦး- ဒေါ်လဲ့လဲ့ခိုင်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အန်းကျုံး(ခ)ဒေါ်အေး**

**အသက်(၉၂)နှစ်**

Kyaw Enterprise Co.,Ltd. ၏ ဥက္ကဋ္ဌ ဦးကျော်ဌေး-ဒေါ်မြင့်မြင့်မြင့်ဆွေတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်အေး(ခ)ဒေါ်အန်းကျုံး အသက်(၉၂)နှစ်သည် ၂၅-၃-၂၀၁၃ရက် နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲရပါကြောင်း။

**Kyaw Enterprise Co.,Ltd. ရုံးချုပ်**
**အကြံပေးအရာရှိကြီးများနှင့် ရုံးဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

Kyaw Enterprise Co.,Ltd. ဥက္ကဋ္ဌ ဦးကျော်ဌေး၏ချစ်လှစွာသော မိခင် ဒေါ်အန်းကျုံး(ခ)ဒေါ်အေး အသက် (၉၂)နှစ်သည်၂၅-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Kyaw & Son Automobile Service Center နှင့်**
**ရန်ကုန်၊ နေပြည်တော်၊ မန္တလေးနှင့်**
**CHERRY AUTOMOBILE SERVICE CENTER ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဌေး Kyaw Enterprise Co.,Ltd. ၏ချစ်လှစွာသော မိခင် ဒေါ်အန်းကျုံး(ခ)ဒေါ်အေး အသက်(၉၂)နှစ်သည်၂၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရ၍ မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်ဝင်း၊ ဦးအောင်ရွှေ အထွေထွေမန်နေဂျာနှင့်**
**ဝန်ထမ်းများ**
**Royal Mei Hua Restaurant**

## ဝမ်းနည်းကြေကွဲခြင်း

ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်အန်းကျုံး(ခ)ဒေါ်အေး အသက်(၉၂)နှစ်သည် ၂၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။**မြေး ဦးတေဇမောင်-ဒေါ်ယဉ်မွန်ဌေး(ခ)ငယ်ငယ်**

**Htoo Htoo Toe Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း

ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်အန်းကျုံး(ခ)ဒေါ်အေး အသက်(၉၂)နှစ်သည် ၂၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။ **မြေး ဦးအောင်စိုးမိုး-ဒေါ်ယုမွန်ဌေး**

**CHANG YONG TRADING Co.,Ltd မိသားစုနှင့် ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်အန်းကျုံး(ခ)ဒေါ်အေး အသက်(၉၂)နှစ်သည် ၂၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **မြေး ဦးသန်းဇော်ဝင်း-ဒေါ်စုမွန်ဌေး**

**Wynn Family Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အန်းကျုံး (ခ) ဒေါ်အေး (မော်လမြိုင်)**

**အသက် (၉၂)နှစ်**

ရန်ကုန်မြို့၊ သာယာဝတီ(?)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် (၁၀၀)၊ ရိပ်သာ (၅)လမ်း၊ မိချောင်းကန်အပိုင်း (၁)ရပ်ကွက်နေ ဦးကျော်ဌေး-ဒေါ်မြင့်မြင့်ဆွေ (Kyaw Enterprise Co.,Ltd) ၏ ချစ်လှစွာသောမိခင်သည် (၂၅. ၃. ၂၀၁၃)နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Myanmar Mayson Industries Co., Ltd.**
**( Good Morning )**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊မြေကွက်အမှတ်-၁၁၇၅/က၊ မြေကွက်တည်နေရာအမှတ်(၁၁၇၅/က) သံသုမာလမ်း (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးထွန်းဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းဝင်း(ဇနီး)ဒေါ်မြကြိုင်(သား)ဦးစိန်လွင်တို့ အသီးသီး ကွယ်လွန်သဖြင့် ဦးတင့်ဆွေ[၁၂/ဥကတ(နိုင်)၁၁ဝ၂၅၂]၊ ဦးတင်ဌေွ[၁၂/ဥကတ(နိုင်)၁၁ဝ၂၆၉]၊ ဒေါ်ခင်မာဝေ[၁၂/ရကန(နိုင်)ဝ၅၄၅၅၈]၊ ဒေါ်ညွန့်ဝေ[၁၂/ဥကတ(နိုင်) ၁၁ဝ၁ဝ၂]၊ ဒေါ်လှဝေ[၁၂/ဥကတ(နိုင်)ဝ၅၉ ၈၈၈]၊ ဒေါ်အုန်းဝေ[၁၂/ဥကတ (နိုင်) ၁ဝ၁၈၄၇]၊ ဦးအုန်းဌေး[၁၂/ဥကတ(နိုင်) ဝ၅၉၈၇၉]၊ ဒေါ်အေးသန္တာမိုး[၁၂/ဥကတ(နိုင်) ၁၆၄၆ဝဝ]၊ ဦးရဲမင်းထက်[၁၂/ဥကတ(နိုင်) ၁၇၅၇၈၅]တို့က သား၊ သမီးနှင့်မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကျိုက်ထီးရိုးပတ်ဝန်းကျင် အစဉ်အမြဲစိမ်းလန်းစိုပြည်ရေးသဘာဝထိန်းသိမ်းရေးနယ်မြေများ

သတင်းမှတ်စု ➢ မင်းခန့်စိုး (ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း ➢ အောင်ကျော်ဝင်း (ကြေးမုံ)



ဘုရားလည်းဖူး၊ အပန်းလည်းဖြေ၊ ဗဟုသုတလည်းရမည့် ကျိုက်ထီးရိုးဘုရားပတ်ဝန်းကျင် သဘာဝထိန်းသိမ်းရေးနယ်မြေ။

မွန်ပြည်နယ်သည် မြန်မာနိုင်ငံတောင်ဘက်ပိုင်းတွင်တည်ရှိပြီး အိန္ဒိယသမုဒ္ဒရာနှင့် ထိစပ်လျက်ရှိသည်။ အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ့ရှိပြီး ဧရိယာစုစုပေါင်း ၄၇၄၇ ဒသမ ၈ စတုရန်းမိုင် ကျယ်ဝန်းသည်။

မွန်ပြည်နယ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက အမျိုးသားအမွေအနှစ်တစ်ခုဖြစ်သည့် ကျိုက်ထီးရိုးဘုရားပတ်ဝန်းကျင်တွင် သစ်ပင်၊ သစ်တော၊ သားငှက်တိရစ္ဆာန်များဖြင့် အစဉ်အမြဲစိမ်းလန်းစိုပြည်နေရန် ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်သော ကျား၊ ကျားသစ်၊ အင်းကျား၊ တောင်ဆိတ်၊ မျောက်မျက်ကွင်းဖြူစသည့် ရှားပါးတိရစ္ဆာန်များနှင့် ၎င်းတို့၏နေရင်းဒေသများ ထိန်းသိမ်းကာကွယ်ရန်ရည်ရွယ်ပြီး ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ကေလာသတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

ကေလာသတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်း တည်ရှိပြီး ဧရိယာ ၉ ဒသမ ၂၄ စတုရန်းမိုင် (၅၉၁၃ ဒသမ ၇၇ ဧက) ကျယ်ဝန်းသည်။ ၁၉၄၂ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ယင်းဘေးမဲ့တောတွင် အမြဲစိမ်းတောနှင့် တောင်ပေါ်တောဂေဟစနစ်များ၊ ဆတ်၊ ချေ၊ တောဝက်နှင့်ငှက်မျိုးစိတ်များကို အဓိက ထိန်းသိမ်းထားသည်။

ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မွန်ပြည်နယ်သထုံခရိုင် ကျိုက်ထိုမြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၆၀ ဒသမ ၃၁ စတုရန်းမိုင် (ဧက ၃၈၆၀၀) ကျယ်ဝန်းသည်။ ၂၀၀၁ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

အမြဲစိမ်းတော၊ အထက်ရွက်ပြတ်ရောနှောတောစိုနှင့် တောင်ပေါ်တောမျိုးများနှင့် ပရဆေးပင်များပေါက်ရောက်သည်။ ပျဉ်းကတိုး၊ ကညင်၊ ပျဉ်းမ၊ ယမနေ၊ မဏိသြဂ၊ သက်န်း၊ တောင်ပိန်း၊ လယ်ဇ၊ ဒီဇူး၊ သစ်ချအပါအဝင် သစ်မျိုးပေါင်း ၄၅ မျိုး၊ ဝါးဖြူ၊ မျှင်ဝါး၊ ဝါးဘိုး၊ ဝါးဘိုးမျက်ဆန်ကျယ်၊ တင်းဝါး၊ ဝါးနက်၊ ဝါးယား၊ ဝါးနွယ်၊ သိုက်ဝါးစသည့် ဝါးမျိုး ကိုးမျိုး၊ ရေကြိမ်၊ ခပေါင်းကြိမ်၊ ယမထာကြိမ်စသည့် ကြိမ်မျိုး သုံးမျိုး၊ သက်ရင်းကြီး၊ တောင်နံ့ကြီး၊ ဆင်တုံးမနွယ်၊ ဆေးကင်းခြေ၊ သွေးမင်၊ ဖာလာ၊ ဘုံမရာဇာ၊ နလင်ကျော်၊ လင်းနေ၊ ငရုတ်ကောင်း၊ ဆေးမြင်းခွာ၊ တောရှောက် စသည့် ပရဆေးပင် ၁၃ မျိုးတို့ ပေါက်ရောက်သည်။

ကျား၊ ကျားသစ်၊ အင်းကျား၊ တောင်ဆိတ်၊ မျောက်မျက်ကွင်းဖြူ ကျားမင်း၊ ဝက်ဝံ၊ တောဝက်၊ ချေအပါအဝင် နို့တိုက်သတ္တဝါမျိုးပေါင်း ၂၀၊ လိပ်ကြွက်တူရွှေ၊ ပုတ်သင်ပျံ၊ ကင်းလိပ်လျှော၊ မြွေ၊ ဖားပြုပ်၊ ဖားလွှား၊ တက်တူ၊ ရေတောက်တဲ့ အပါအဝင် ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၃၄ မျိုး၊ အောက်ချင်း၊ ဖိုးခေါင်၊ ငှက်ကျား၊ ဇီးကွက်၊ဒီးဒုတ်၊ ဝါးရောင်ငှက်၊ ဘုတ်၊ သစ်တောက်ငှက်၊ စွန် အပါအဝင် ငှက်မျိုးပေါင်း ၂၀၊ လိပ်ပြာမျိုးစိတ် ၄၅ မျိုးတို့ တည်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

## ဆီးဂိမ်းအကြို ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲတွင် အင်ဒိုနီးရှား ပိုလ်စွဲ



(သတင်း) စာမျက်နှာ ၇ သို့

## ကြော်ငြာ စာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ကြော်ငြာအပို က၊ခ၊ဂ၊ဃ လေးမျက်နှာ ပါရှိပါသည်။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကချင်ပြည်နယ်တွင်ဖြစ်ပွားသော ပဋိပက္ခနှင့် စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှုများကို အစဉ်တစိုက် စောင့်ကြည့်လေ့လာခဲ့

နေပြည်တော် မတ် ၂၈

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကချင်ပြည်နယ် ပဋိပက္ခနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်အမှတ် (၂/၂၀၁၃) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။ အဆိုပါထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

### ကချင်ပြည်နယ်ပဋိပက္ခနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက် ထုတ်ပြန်ချက်အမှတ် (၂/ ၂၀၁၃)

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ကေအိုင်အို ကိုယ်စားလှယ်အဖွဲ့တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်နိုင်ခဲ့ပြီး အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများရရှိခဲ့သဖြင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဝမ်းမြောက်ပါသည်။ အဆိုပါ ပူးတွဲကြေညာချက်အရ အပစ်အခတ်ရပ်ဆိုင်းရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဟု ဖော်ပြခြင်းကိုလည်း လှိုက်လှဲစွာ ကြိုဆိုပါသည်။

၂။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကချင်ပြည်နယ်တွင်ဖြစ်ပွားသော ပဋိပက္ခနှင့် စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှုများကို အစဉ်တစိုက် စောင့်ကြည့်လေ့လာခဲ့ပါသည်။ အဆိုပါ ပဋိပက္ခသည် ကာလရှည်ကြာလာသည်နှင့်အမျှ ရပ်ရွာစွန့်ခွာတိမ်းရှောင်နေသူများအနေဖြင့်လည်း ဒုက္ခပိုမိုခံစားနေကြရသည်ကို ဝမ်းနည်းစွာ တွေ့ရှိရပါသည်။ ကော်မရှင်သည် ကချင်ပြည်နယ်သို့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင်တစ်ကြိမ် နှစ်ကြိမ်တိုင်သွားရောက်ခဲ့ပြီး ရပ်ရွာစွန့်ခွာတိမ်းရှောင်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီရရှိရေးအတွက် သက်ဆိုင်ရာများနှင့်ညှိနှိုင်း၍ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် အဆိုပါ ပဋိပက္ခနှင့်စပ်လျဉ်းသည့် ကော်မရှင်၏သတင်းထုတ်ပြန်ချက်များတွင်လည်း ရပ်ရွာစွန့်ခွာတိမ်းရှောင်သူများ မိမိရပ်ရွာ ပြန်လည်နေထိုင်နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးမပြုလုပ်မီ မိုင်းရှင်းလင်းရေးပြုလုပ်ရန်လိုအပ်ကြောင်း၊ မိုင်းရှင်းလင်းရေးပြုလုပ်ပါက လက်နက်ကိုင် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ ရွာသားများကို မိုင်းအသိ ပညာပေးသင့်ကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ကျေးရွာလူထုအပေါ် မည်သို့သောအကြောင်းနှင့်မျှ လူ့အခွင့်အရေးဖောက်ဖျက်ခြင်းမပြုရန်နှင့် တပ်သားသစ်များ အတင်းအဓမ္မခေါ်ယူစုဆောင်းခြင်း မပြုကြရန်လိုအပ်ကြောင်း၊ ပဋိပက္ခဒုက္ခသည်များထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လုံခြုံချောမွေ့စွာ ပို့ဆောင်ရေးနှင့်ရောက်ရှိရေးကိုကိုင်တွယ်ဖြေရှင်းရန်လိုအပ်ကြောင်းတို့ကို အလေးအနက်တိုက်တွန်းခဲ့ပါသည်။

၃။ ကချင်ပြည်နယ်ငြိမ်းချမ်းရေးရရှိရေးကို ရည်မှန်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပနေစဉ်ကာလအတွင်း ရပ်ရွာစွန့်ခွာ တိမ်းရှောင်နေသူများ ခံစားနေရသည့်ဒုက္ခများ လျော့ပါးစေရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကို ပိုမိုအထောက်အကူဖြစ်စေရေးအတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အကြံပြုတိုက်တွန်းထားသည့် အထက်ဖော်ပြပါအချက်များကို လတ်တလော ဦးစားပေးအကောင်အထည်ဖော်ဆောင်သင့်ပါကြောင်း ထပ်လောင်းတိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်



# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

သုမင်္ဂလာသိဂီအဖွဲ့ အသီးသီး ပေးအပ်ချီးမြှင့်ခြင်းခံရသော အဖွဲ့သားများ ဖြစ်ကြသည့်

ဒေါက်တာမြသီတာဆွေတင် (MD, SI Group of Companies) နှင့် ဒေါ်မာလာမြင့် (Director, Silver Tiger Co., Ltd.) ငွေကြေးတိုက်

တို့အတွက် မိသားစုနှင့် ထပ်တူအထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**"တူညီစိတ်ထား၊ ဖြူစင် မေတ္တာများအဖွဲ့."**

---

# Myjobs .com.mm

FREE SERVICES — URGENT

Myanmar's No.1 Job Site

အတွေ့အကြုံရှိသော

ရောင်း/မောင်းများ လျှောက်ထားနိုင်ပါသည်။

မြန်မာပြည်၏ ထိပ်တန်းကုမ္ပဏီကြီးများက

ထိုက်တန်သောလစာ ၊ အခွင့်အလမ်းကောင်းများဖြင့်

သင့်ကိုစောင့်ကြိုနေပါသည်။

စိတ်ဝင်စားသူများ အောက်ပါလိပ်စာအတိုင်း အမြန်ဆုံးဆက်သွယ်နိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**Address**

No.3,Mindama Road, ShweKabar Housing (5th Street), Mayangone Township, Yangon, Myanmar.
Website : www.myjobs.com.mm, Email: info@myjobs.com.mm,
Phone : 01-4411361/4411362 (9AM to 6PM)

---

*More & More Gold & Jewellery*

မှ

အထူးကျေးဇူးတင်ခြင်း

၂၃-၃-၂၀၁၃ တွင် အမှတ် (၁၁-၀၄) မြို့ညီတော် လမ်းတော်ပဟာရ တွင်ကျင်းပခဲ့သော More & More Gold & Jewellery ၏ အထောင်မြမ်း သစ်ဖွင့်ပွဲ နှင့် အထောင်ကိုယ်စားလှယ်ကြီးများအား ကျေးဇူးတင်ပွဲ မြန်မြန်ဆန်ဆန် ... Device Services Co., Ltd. မှ ဆရာ ... (Talents & Models) ... Device Services Co., Ltd. မှ ဝန်ထမ်းများနှင့် More & More Gold & Jewellery မှ ဝန်ထမ်းများ၊ Park Royal Hotel မှ ဝန်ထမ်းများနှင့် ... အားလုံးကို ဂုဏ်ယူဝမ်းမြောက်စွာ ကျေးဇူးအထူးပင် တင်ရှိပါသည်။

More & More — မန်နေဂျင်း ဒါရိုက်တာ ... နှင့်မိသားစု

---

## Announcement

**The Office of Integrated Shipping Co.,Ltd** will move the following address with effect from 1st April, 2013.

No.95, 2nd floor, Theinphyu Street, near Myanma Five Star Line Office, Beside Theinphyu Money Changer Center, Botahtaung Township, Yangon.
Ph : 01-201663, 299559, 398525 , Fax : 01-201663,
Email : shwephyoe @ iscl.com.mm, Hp:095111023

---

ဒေါက်တာခင်မိုးမိုး Ph.D,Chem စီစဉ်သင်ကြားသည့်

# ဝေဒနာဂုဏ်ထူး

(၉၁၀၀)တန်း

**စာသင်/စာကျက်ဝိုင်း** နှင့်

ဆရာ/မကြီးများကိုယ်တိုင် တစ်ဘာသာချင်း အသင်းရှိန်(၄)ရှိန်သင်ကြားသည်။ **ဘော်ဒါ**

အမှတ်(၉၅)၊ အခန်း(၂၀၀)၊ အနော်ရထာလမ်းနှင့် (၅၂)လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်။ Ph: 09 731 21329, 09 5402665, 09 73251430

မြန်မာစာ ● ဂုဏ်ထူးဦးသိန်းနိုင်
● ဒေါက်တာလှမှူး၊ ဦးရွှေ
အင်္ဂလိပ်စာ ● ဦးနေအုပ်(စိန်ပေါက်)
● ဒေါက်တာ-ဒီ
သင်္ချာ ● ဒေါက်တာညီညီ
ဓာတုဗေဒ ● ဒေါက်တာခင်မိုးမိုး
ရူပဗေဒ ● ပါမောက္ခဒေါက်တာဦးတင့်လွင်(ရွှေဘား)
● ဦးသန့်ဇင်အောင်
ဇီဝဗေဒ ● ဒေါက်တာဇီဝ
● ဒေါက်တာဒေါ်မေ
ဘောဂဗေဒ ● ဦးထွန်းမြင့်အောင်

ကျောင်းအပ် လက်ခံပြီ

---

Myanmar Professional Development Center (MPDC) နှင့် Assumption University of Thailand (AU) ၏ သင်တန်းသစ်များ အတွက် လျှောက်လွှာ ခေါ်ယူခြင်း

၁။ MPDC နှင့် Assumption University တို့ ပူးပေါင်း၍ ၂၀၁၀ ခုနှစ်တွင် MBA (စီးပွားရေးပညာ မဟာဘွဲ့)သင်တန်းများကို စတင်ဖွင့်လှစ်ခဲ့ရာ ရန်ကုန်မြို့တွင် MBA Fast-Track (Batch 7)၊ မန္တလေးမြို့တွင် Batch 2 နှင့် သင်တန်း သစ်များဖြစ်သော MM.OD (Master of Management in Organization Development), MS.IT (Master of Sceience in Information Technology) နှင့် Ph.D.OD (Doctor of Philosophy in Organization Development) သင်တန်းများကို ၂၀၁၃ မေလကုန်တွင် ထပ်မံ ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂။ စီးပွားရေးဆိုင်ရာ မဟာဘွဲ့သင်တန်းများဖြစ်သော MBA, M.M.OD နှင့် M.S.I.T သင်တန်းများကို မည်သည့် တက္ကသိုလ်ဘွဲ့ ရမဆို လျှောက်ထားနိုင်ပါသည်။

၃။ Ph.D.OD (Doctor of Philosophy in Organization Development) သင်တန်းတက်ရောက်လိုသူ များအနေဖြင့် မဟာဘွဲ့ ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းများအားလုံးကို Assumption University of Thailand အသိအမှတ်ပြု ပြည်တွင်း၊ ပြည်ပမှ ပါရဂူဆရာကြီး၊ ဆရာမကြီးများ ကိုယ်တိုင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Assumption University of Thailand မှ တရားဝင်အသိအမှတ်ပြု ဘွဲ့လက်မှတ်များ ချီးမြှင့် ပေးသွားမည်ဖြစ်ပါသည်။

၅။ ရုံးချိန်ပြင်ပ သင်တန်းချိန်များသာဖြစ်ပြီး၊ သင်တန်းများအတွက်လူဦးရေ ကန့်သတ်ထားပါသဖြင့် လျှောက်လွှာများ စတင်လျှောက်ထားနိုင်ပြီ ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာ၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

Main Campus : အဆောင်(၄)၊ အခန်း(၁)၊ မြန်မာအင်ဖိုတက်ခ်၊ တက္ကသိုလ်များ လှိုင်နယ် မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၁ ၅၀၇၀၄၃၊ ၀၁ ၅၀၇၀၄၇။

YGN Campus 2 : တိုက် ဘီ၊ ၁၂ လွှာ၊ အခန်း(၀၀၁)၊ ဗိုင်းမွန်ကွန်ဒို၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၁၂၂၀၇၁၉၊ ၀၉ ၅၀၂၈၄၈၉။

Mandalay Campus : အမှတ်(၆၂)၊ ဒုတိယထပ်၊ ၃၄လမ်း၊ ၇၄လမ်း နှင့် ၇၅လမ်း ကြား ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ၀၁-၁၂၀၁၂၈၉၊ ၀၉ ၇၃၂၀၃၂၀၇

---

မြန်မာနိုင်ငံရှိ တကောင်းအေဒီရာဇဝင်မှသည် သီပေါမင်းအထိ မင်းဆက်များ၊ ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ဖ-ဆ-ပ-လခေတ်၊ အိမ်စောင့်အစိုးရခေတ်မှသည် ယနေ့အစိုးရခေတ်အထိတိုင် မြန်မာ့သမိုင်းဖြစ်ရပ်မှန်များကို ဓာတ်ပုံပေါင်းများစွာဖြင့် မှတ်တမ်းပြုစုထားသည့် စာအုပ်ဖြစ်သည်။

# ခေတ်အဆက် သမိုင်းဝင် မြန်မာ့မှတ်တမ်းပုံရိပ်များ

ဦးသန့်(လာဘ်မိုးရွှေ) ပြုစုသည်။

မြန်မာ့သမိုင်းဖြစ်စဉ်များကို လေ့လာတော်ရှု မှတ်သားလိုသူများအတွက် ရေးသားထားခြင်းဖြစ်သည်။အုပ်ချုပ်ရေးစနစ်သစ်များ၊ အုပ်ချုပ်သူ လူတန်းစားတို့၏ အမည်များနှင့် ဖြစ်စဉ်အကြောင်းအရာများကိုလည်းကောင်း၊ အုပ်ချုပ်မှုပိုင်းများကိုလည်းကောင်း၊ တိုးတက်ပြောင်းလဲမှုများကိုလည်းကောင်း၊ ခေတ်စနစ် တစ်ခေတ်ပြီးတစ်ခေတ် ပြုစုထားရှိသည်။မြန်မာနိုင်ငံသမိုင်းများကို ဓာတ်ပုံများစွာဖြင့် စုစည်းဖော်ပြထားသည့် ဗဟုသုတစာအုပ်ကြီး ဖြစ်ပြီး၊ စာကြည့်တိုက်များအတွက် မဖြစ်မနေ ဝယ်ယူထားသင့်သည့် စာအုပ်လည်းဖြစ်သည်။

ဖြန့်ချိရေး - လာဘ်မိုးရွှေစာပေ ။ အမှတ်(၂၁၂)၊ ပ-ထပ်၊ ၃၆-လမ်း(အထက်)။ ၀၉-၄၂၁၀၀၅၇၂၅၊ ဖုန်း - ၀၉-၄၃၁၀၇၅၃၁၁၊ ၀၉-၅၁၈၉၂၇၇၇ ။ မန္တလေးမြို့ - ထွန်းဦးစာပေ၊ နဂါးစာပေ ကျော်ကျော် စာပေ (မော်လမြိုင်)၊ သခင် စာပေ (ပဲခူး)၊ စောဦး စာပေ (ရန်ကုန်) ။

ထွက်ပြီ

---

မြေဖြူစေတီစာပေ ထွက်ပြီ

**မမသဒ္ဒါမောင်** — မောင့်ကို

**ကြယ်စင်မှူးဝေ** — အလှမ်းနှင့်ဆူး

**မယ်ခိုင်** — ဘဝမဲ့ခြေရာ

**မိုးစက်ပွင့်** — သောင်ယံကမ်းက လွမ်းပန်းချီ

---

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# AMII မှ ချီးမြှင့်မည့်
" နိုင်ငံတကာအဆင့် စီမံခန့်ခွဲ အုပ်ချုပ်မှု ပညာရပ်ဆိုင်ရာ သင်တန်းများ "




Become Certified and Jobs Will Seek You.

Certified Professional Manager "CPM"
Certified Marketing Manager "CMM"
Certified Human Resources Manager "CHRM"

Class Duration
Day : SAT & SUN
Teaching Hour : ( 40-60 ) Hours
4 Hours per day

Starting Date : 30 March 2013

MCC Training Institute (Yangon Campus)
Junction Square, Building (8), Second Floor,
Pyay Road and Kyunttaw Street , Yangon, Myanmar
Tel : 01-245762, 249152, 246634, 395512, Tel : 2304156


## သိဒ္ဓိဝင်မိသားစုတတိယအကြိမ်မြောက်ရှင်အပါး (၁၀၀၀)မဟာရှင်ပြုအလှူတော် ရှင်သာမဏေလောင်းဖိတ်ကြားနိုးဆော်လွှာ


တက္ကသိုလ်ဝင်တန်းမပြဲဆိုပြီလူများနှင့် ... 

# IT Essentials

SPECIAL DISCOUNT
Date ▸ Mon+Wed+Fri
Time ▸ 12:45 ~ 3:45

Microsoft Windows ...
Microsoft Word ...
PowerPoint ... Presentation ...
Website ...
Internet နှင့် Email ...
Photoshop ဖြင့် Graphic Design ...
C++ ဖြင့် Program ...

Building 5, Room 4, MICT Park, Hlaing Universities Campus, Yangon. ☎ 521125, 652288

သက်နှင်းဆိုက်
သူဇာချမ်းသာ
ထားဆိုဒ်ပြင်ဆောင်

Air-Con Express APR 12


# CONGRATULATION DOCTOR SOE MYINT AUNG

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးပိုင်ရှင်၊ သမားတော် ဝါးခယ်မစိုးမြင့်အောင်သည် The Open International University ၏ Indian Board Of Alternative Medicines မှချီးမြှင့်သော Doctor of Philosophy in Alternative Medicines - Ph.D. (A.M) ဘွဲ့ကို "Treatment Of Diabetes Using Natural Medicines" (သွေးချို-ဆီးချိုရောဂါကို တိုင်းရင်းဆေးပညာဖြင့်ကုသခြင်း) ကျမ်းဖြင့် ရရှိခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ဒေါက်တာတင်အောင်မွေ (သုတေသီ) | ဒေါက်တာကျော်စိန် ဝန်းဘိတန်း | ဒေါက်တာဦးသာညွန့် အထွေထွေအတွင်းရေးမှူး ရန်ကုန် Y.M.C.A | ပါမောက္ခဒေါက်တာအောင်ဇော် M.A. Ph.D. ရန်ကုန်တက္ကသိုလ် (ငြိမ်း) | ပါမောက္ခ ဒေါက်တာစိုးနိုင် M.A. Ph.D. အနောက်ပိုင်းတက္ကသိုလ် | ဒေါက်တာသန်းဝင်း တွဲဖက်-ပါမောက္ခ အရှေ့ပိုင်းတက္ကသိုလ် | ဒေါက်တာမိုးမိုးနိုင် M.Sc. Ph.D. မအူပင်တက္ကသိုလ် |


# MIC
Myanmar Imperial College

နိုင်ငံတကာအသိအမှတ်ပြုစီးပွားရေးဆိုင်ရာ Diploma ၊ Bachelor နှင့် MBA ရယူလိုသူများအတွက်

- Diploma in Business (HND)
- Diploma in Media & Marketing (HND)
- Bachelor of Business



STUDY UK-MBA in Myanmar
MBA
edexcel
Approved Centre No. 93679

အမှတ်(၆၂)(C) အင်းလျားလမ်း၊ကမာရွတ်၊ရန်ကုန်။ 0973210001 /537562

CITY VIEW real estate Co.,ltd.
Hot Line A - 09 5208126 B - 09 5179976 C - 09 8587727

| | | | | |
|---|---|---|---|---|
| A - မရမ်းကုန်းရွှေနှင်းဆီလမ်း | (80x97) | ခြံ | 5000L |
| A - ဘဟန်းလေးဆောင်ကန်လမ်း | (41x100) | 2RC | 4500L |
| A - သမင်ခြံ | (100x80) | ခြံ | 4000L |
| A - ရန်ကင်း | (35x90) | 1RC | 3000L |
| A - သထုံလမ်း | (33x98) | ခြံ | 2760L |
| B - ... condo | (2300sqft)MRSR | Lift | 2150L |
| B - ... condo | (1500sqft)MRSR | Lift | 1500L |
| B - ... condo | (1750sqft)MR2BR | Lift | 1150L |
| B - ... condo | (1200sqft)MRSR | Lift | 950L |
| B - ... condo | (1500sqft)Hall | Lift | 900L |
| C - ... | (20x60)Hall | GF | 6000L |
| C - ... | (25x50)BR | GF | 1060L |
| C - ... | (25x50)Hall | GF+HK | 950L |
| C - ... | (15x50)BR | 1F | 600L |
| C - ... | (15x45)BR | GF | 450L |

အခြား Data ...

ကွန်ပျူတာပုရောဟိတ်



095179128/ 0973220258/01240820

ဝန်ထမ်းများခေါ်ယူရန်မလို
OASIS
Ph: 09 50 38818, 09 73242489, 09 731 83031

★New Star
★ တောင်ကြီး၊အင်းလေး
09 5139002, 09 448021580

ဖုန်းသာဆက်လိုက်ပါ
Ph-09 73206026 , 09 420131374

ကားစီးလုံးငှားသည်
..CRANE
518474,095094914

## ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
### အနုပညာအထက်တန်းကျောင်းများအတွက်သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့်မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင်(ပထမ)နှစ် ပန်တျာနှင့်ပန်းချီပန်းပုသင်တန်းသို့ တက်ရောက်ရန်အတွက် လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အခြေခံပညာအလယ်တန်း(သတ္တမတန်း)အောင်မြင်ပြီးသူများလျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီပန်းပုပညာရပ်များအပြင် အခြေခံပညာ(အဋ္ဌမတန်း၊ နဝမတန်းနှင့်တက္ကသိုလ်ဝင်တန်း) စာပေပညာများကို ပူးတွဲသင်ကြားခွင့် ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များ၊ ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိဌာနခွဲများတွင် စုံစမ်းမေးမြန်း၍ ၁၀-၄-၂၀၁၃ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာများ**

| | |
|---|---|
| ၁။ အနုပညာဦးစီးဌာန | ဖုန်း-၀၆၇-၄၀၈၀၃၇ |
| ရုံးအမှတ်(၃၅)၊ နေပြည်တော် | |
| ၂။ လေ့ကျင့်ရေး၊သုတေသနနှင့်ပြည်ပဆက်ဆံရေးဌာနခွဲ | ဖုန်း-၀၆၇-၄၀၈၁၆၅ |
| ရုံးအမှတ်(၃၅)၊ နေပြည်တော် | ဖုန်း-၀၆၇-၄၀၈၄၄၃ |
| ၃။ အနုပညာအထက်တန်းကျောင်း(ရန်ကုန်) | ဖုန်း-၀၁-၅၅၅၆၄၂ |
| အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့။ | ဖုန်း-၀၁-၅၅၄၆၉၅ |
| ၄။ အနုပညာအထက်တန်းကျောင်း(မန္တလေး) | ဖုန်း-၀၂-၆၁၁၆၉ |
| ၂၀×၂၁လမ်းကြား၊ ၆၆လမ်း၊ နန်းရှေ့၊ မန္တလေးမြို့။ | ဖုန်း-၀၂-၆၁၁၇၀ |


ဝါရင့်ဘာသာရပ်ဆိုင်ရာပါမောက္ခ၊ ကထိကဆရာ၊ ဆရာမကြီးများ
ကိုယ်တိုင်ဦးစီးသော (STARS)
(၁၀)တန်း၊ အထူးသီးသန့်ရှယ်ဝိုင်း၊ (၁၀)ဦးသာ
၁၆(A)၊ မြေညီထပ်၊ လှည်းတန်း၊ (၅)လမ်း၊ ကမာရွတ်၊ ရန်ကုန်
ဖုန်း-၀၉၄၂၁၀၄၄၉၄၉၊ ၀၉၇၃၂၀၇၆၉၀၊ ၀၉၄၂၁၀၀၅၄၉၆၊
၀၁-၂၀၉၂၇၀


### ကန့်ကွက်နိုင်ပါသည်

[illegible]

### အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်းအကြောင်းကြားစာ
(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၃
ကွယ်လွန်သူ ဦးမွန်တင်ဝင်း၌ ကျန်ရှိသောပစ္စည်းအကြောင်း

ဦးငွေဝင်း — လျှောက်သူ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ တိုက်အမှတ်-၃၊ ၃-လွှာခွဲတွင် နေထိုင်သူ ဦးငွေဝင်းက ကွယ်လွန်သူ ဦးမွန်တင်ဝင်း၏ ညီအရင်းဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးမွန်တင်ဝင်းမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေ အရ လက်မှတ်စာရလိုကြောင်း ဤရုံးသို့လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးမွန်တင်ဝင်းမှာ ကျန်ရစ်သောပစ္စည်းများပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ရက်) နံနက် ၁၀း၀၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူဦးငွေဝင်း၏ လျှောက်ချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**နန်းရွှေမြင့်**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**


Dream Paradise
Travels & Tours Co.,Ltd
April 11 , 12
April March (30) Special Discount



MANDALAR CHARM TRAVELS & TOURS
Genting Highlands
Siem Reap
Western Bary



S.S ခင်မောင်အေး
သင်္ချာ သင်ရိုးကျွန် စာအုပ်များ
(Definition ...)
S.S Log



နေရာကောင်း၊ View ကောင်း
အဆင့်မြင့် Luxury Penthouse
ရောင်းမည်
ဆက်သွယ်ရန် Ph - 09 - 8601659
09 - 73025517
01 - 504652


### ယခင် St.Philomena's နှင့် အထက(၂)စမ်းချောင်း ၁၉၇၀ပြည့်နှစ်ထိ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

၂၀၁၃ခုနှစ်၊ မတ်လ ၃၀ ရက်(စနေနေ့)တွင် IBC ခန်းမ၌ နံနက် ၉ နာရီမှ၁၁ နာရီထိ အာစရိယပူဇော်ပွဲအခမ်းအနားကို ကျင်းပပါမည်။ ဖိတ်စာများပေးပို့ထားသောဆရာမကြီးများ၊ တယ်လီဖုန်းဖြင့် ဆက်သွယ်ထားသော အငြိမ်းစားကျောင်းသူ... အပေးရောက်ဆရာမကြီးများ အာစရိယပူဇော်ပွဲအား လာရောက်ကန်တော့ခံပါရန် ရိုသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ကျောင်းသူဟောင်းများအားလုံးလည်း ဆရာမကြီးများအား လာရောက်ပူဇော်ကန်တော့ကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျောင်းသူဟောင်းများ**


SKY RAY Travels & Tours
* Mar-23;Apr-12,13
* Mar-23;Apr-12,13
( Win Unity Hotel )
* Apr-12,13
Tel : 09-421000523, 09-421000524, 09-448008610



မြန်မာ့အလှ
* Apr-12
* Apr-12
* Apr-12
* Apr-12
* Apr-12
* Apr-12
Ph: 537416, 500706, 09-49156118, 09-450000574



ဒီမိုကရက်တစ်ကမ်ပူးချားသမိုင်း(၁၉၇၅-၇၉)
[ခမာနီတို့၏လူမျိုးသုဉ်းအစုအပြုံလိုက်သတ်ဖြတ်မှု]
ချစ်ဦးတင်
A History of Democratic Kampuchea(1975-79)
by Khamboly Dy



Senior Medical Officer ကျား/မ (၂)ဦး
(M.B.B.S ...)
ဓာတ်ခွဲကျွမ်းကျင် ကျား/မ (၂)ဦး
(B.P.Sc (Medical Technology) ရရှိပြီးသူ ဖြစ်ရမည်။)
ယာဉ်မောင်း ကျား (၂)ဦး




ကြက်ကင်ကောင်းကောင်းစားချင်သလား
ပန်းဆွဲတော်
ကြက်ကင်ရှိတယ်
Pan Swel Taw :No 228, Ahlone Road, Ahlone Township,Yangon.Tel: 01 - 215363
Pan Swel Taw Thai Express : Ground Floor, Ocean North Point Shopping Center, Yangon.
Tel: 652 959, 652 960, 652 961, 652 962, 652 963 (Ext)133
Pan Swel Taw Thai Express : No-406, 4th Floor, Junction Center, Mawlin, Yangon.
Tel: 218152, 218153, 218154, 218155, 218156, 218157, 218158(Ext)1406
Nay Pyi Taw Express : Nay Pyi Taw Junction Center Tel: 067-422015 (Ext-106)
Pan Swel Taw Thai Express : Junction Square. Tel: 532493, 527242 (Ext:3010)



Chaing Mai cafe
✓ ကြေးအိုး
✓ ကြက်ဆီထမင်း
✓ Fried Chicken
Management by
Chaing Mai cafe Shwe Myaya Centre
Room (102)Ph: 01 9000023, 9000024 Ext;102